# နိုင်ငံရေးဆွေးနွေးပွဲ မကျင်းပနိုင်သေးသော မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

**Crisis Group Asia Briefing N°149**
ရန်ကုန်/ဘရပ်ဆဲ၊ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၉ ရက်

## I. ခြုံငုံကြည့်ရှုခြင်း

မြန်မာနိုင်ငံတွင် လူနည်းစုရပ်ရွာလူထု၏ဘဝများကို ပျက်စီးဆုံးရှုံးစေသည့်အပြင် တစ်နိုင်ငံလုံးကို ရှေ့မတိုးနိုင်အောင်ဖြစ်စေသော နှစ်ပေါင်း ၇၀ ကြာလက်နက်ကိုင် ပဋိပက္ခကို နိုင်ငံရေးအရညှိနှိုင်းအဖြေရှာရာတွင် လက်ရှိအစိုးရသက်တမ်းသည် အကောင်းဆုံး အခွင့်အရေးဖြစ်နိုင်သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် သူ၏အစိုးရသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ထိပ်တန်းဦးစားပေးအဖြစ် သတ်မှတ်ထားပြီးဖြစ်သည်။ ယခင်အစိုးရကလည်း အလားတူလုပ်ဆောင်ခဲ့သော်လည်း ဒေါ်အောင်ဆန်းစုကြည်မှာမူ သူ၏ ပြည်တွင်းနိုင်ငံရေးသြဇာ၊ ရွေးကောက်တင်မြှောက်ပြီးပေးအပ်ထားသည့် ကြီးမားသော လုပ်ပိုင်ခွင့်အာဏာ၊ ငြိမ်းချမ်းရေးကိစ္စအပေါ် တရုတ်နိုင်ငံ၏ အကန့်အသတ်နှင့်ပေးသော ထောက်ခံမှုအပါအဝင် အားကောင်းသော နိုင်ငံတကာ၏ ကျောထောက်နောက်ခံပြုမှုအစရှိသော အားသာချက်များစွာရှိနေသည်။ ထိုအားသာချက်များကြောင့် ဩဂုတ်လ ၃၁ ရက်က ကျင်းပသော ၂၁ ရာစုပင်လုံညီလာခံတွင် တိုင်းရင်းသားလက်နက်ကိုင်အုပ်စုအားလုံးနီးပါး ပါဝင်တက်ရောက်မှုကို (ယခင်အစိုးရမစွမ်းဆောင်နိုင်ခဲ့သော) ဖြစ်ပေါ်စေခဲ့သည်။ သို့ရာတွင် အမှန်တကယ်တိုးတက်မှုရအောင် လုပ်ဆောင်မည်ဆိုပါက အစိုးရနှင့် လက်နက်ကိုင်အုပ်စုများ နှစ်ဖက်စလုံးသည် ၎င်းတို့၏ ချဉ်းကပ်မှုနည်းလမ်းများကို ချိန်ညှိရန်လိုအပ်သည်။ သို့မှသာ အလေးအနက်ထားရမည့် အရေးကြီးသည့် နိုင်ငံရေး ဆွေးနွေးပွဲကို မြန်နိုင်သမျှ မြန်မြန် စတင်နိုင်ကြမည်ဖြစ်သည်။

၂၁ ရာစု ပင်လုံညီလာခံ၏ အရေးပါမှုသည် အကြောင်းအရာကြောင့်မဟုတ်ပဲ လက်နက်ကိုင်အုပ်စုများ ကျယ်ပြန့်စွာ ပါဝင်မှုကြောင့်ဖြစ်ပြီး ရှေ့လျှောက်တွေ့ရမည့် စိန်ခေါ်မှုများကို လျှော့မတွက်သင့်ပေ။ လက်နက်ကိုင်အုပ်စုအများစုသည် လုပ်ငန်း

စဉ်ကို ထောက်ခံခြင်းကြောင့်ထက် ရွေးချယ်စရာမရှိဟု ယူဆသောကြောင့် ညီလာခံကို တက်ရောက်ခဲ့ကြခြင်းဖြစ်သည်။ အများစုက ၎င်းတို့အပေါ်ပြုမူဆက်ဆံပုံ မကောင်းကြောင်းနှင့် ညီလာခံစီစဉ်ကျင်းပပုံ ညံ့ဖျင်းကြောင်း ခံစားခဲ့ကြသည်။ အကြီးဆုံးလက်နက်ကိုင်အုပ်စုဖြစ်သော ‘ဝ’ ပြည်နယ်သွေးစည်းညီညွတ်ရေးတပ်ဖွဲ့ (UWSA) က စေလွှတ်သော အငယ်တန်းကိုယ်စားလှယ်အဖွဲ့မှာလည်း ညီလာခံဒုတိယနေ့တွင် ထွက်ခွာသွားခဲ့ကြသည်။ မကြာသေးမီလပိုင်းများအတွင်း တပ်မတော်၏ လေကြောင်းတိုက်ခိုက်မှုများနှင့် တာဝေးပစ်အမြောက်ပစ်ခတ်မှုများအပါအဝင် တိုက်ပွဲအရှိန်မြင့်လာခြင်းသည် ယုံကြည်မှုကို တဖြည်းဖြည်း ပျက်စီးစေပါသည်။

ထိုသို့သော ကိစ္စရပ်များမှာ မမျှော်လင့်ပဲ ဖြစ်လာရသော ကိစ္စများမဟုတ်ပေ။ အလေးထားရမည့်ကိစ္စမှာ ၎င်းတို့နှင့် ထိတွေ့ဆက်ဆံရာတွင် လုပ်ငန်းစဉ်ကို အထိအခိုက်မခံပဲ ကြံ့ကြံ့ခိုင်နိုင်ရန်ဖြစ်သည်။ ၂၁ ရာစု ပင်လုံညီလာခံကို ခြောက်လတစ် ကြိမ် (၂၀၁၇ ဖေဖော်ဝါရီလတွင် နောက်တစ်ကြိမ်) ကျင်းပရန်စီစဉ်ထားမှုသည် အခက်အခဲများကို ကျော်လွှားရာတွင် လိုအပ်သော ပြုလွယ်ပြင်လွယ်မဖြစ်ပဲ အချိန်ကို ကန့်သတ်လိုက်သလို ဖြစ်စေသည်။ အစိုးရ၏ငြိမ်းချမ်းရေးဌာနဖြစ်သော အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၏ လုပ်ရည်ကိုင်ရည် အားနည်းမှုသည် နောက်ထပ်စိန်ခေါ်မှုတစ်ခုဖြစ်သည်။ ထိုအချက်သည် လာမည့် နိုင်ငံရေးဆွေးနွေးမှု လုပ်ငန်းစဉ်ဖြစ်သည့် ၂၁ ရာစု ပင်လုံနှင့် ဆက်စပ်ဆွေးနွေးပွဲများတွင် ပါဝင်နိုင်ရန် လိုအပ်ချက်တစ်ခုအဖြစ် တပ်မတော်နှစ်ဖွဲ့စလုံးက ရှင်းလင်းစွာ ထုတ်ဖော်ပြောဆိုထားသော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက် (NCA) တွင် လက်မှတ်ထိုးအောင် စည်းရုံးပြောဆိုညှိနှိုင်းရာတွင် အခက်တွေ့လာ မည်ဖြစ်သည်။ ရှေ့တန်းစစ်မြေပြင်တွင် တပ်မတော်က ၎င်း၏ အင်အားသုံးမှုပုံစံကို ဆက်လက်ကိုင်စွဲနေပါက ပို၍ပင် ခက်ခဲလာဦးမည်ဖြစ်သည်။

၂၀၁၅ အောက်တိုဘာလတွင် လက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့က NCA ကို လက်မှတ်ထိုးခဲ့သော်လည်း အနည်းဆုံးအခြားဆယ်ဖွဲ့က အစီအစဉ်အပေါ် သံသယရှိနေကြဆဲဖြစ်သည်။ UWSA ကဲ့သို့ အဖွဲ့အချို့မှာမူ ပိုကောင်းသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပုံစံကို အလိုအလျောက်ရရှိထားပြီးဖြစ်သောကြောင့် လက်မှတ်ထိုးလိုက်ပါက ထိုအနေအထားမှ အဆင့်ကျသွားမည်ကို စိုးရိမ်ပူပန်လျက်ရှိသည်။ အခြားအဖွဲ့များကလည်း အစိုးရသစ်သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပိုမိုတစ်ဖက်သတ်ဆန်စွာ ချဉ်းကပ်လာမည်ကို လည်းကောင်း၊ လက်မှတ်ထိုးလိုက်ပါက နိုင်ငံရေး အဖြေကို ညှိနှိုင်းခြင်းထက် ချမှတ်လာမည်ကိုလည်းကောင်း စိုးရိမ်ပူပန်ကြသည်။ နှစ်ဖက်အပစ်အခတ်ရပ်စဲရေးစာချုပ်ချုပ်ဆိုခြင်းမပြုရသေးသော သုံးဖွဲ့ကလည်း လက်နက်ကိုင်လမ်းစဉ်ကို စွန့်

လွှတ်ကြောင်း ကြေညာရန် အစိုးရကတောင်းဆိုထားမှုကို မူအားဖြင့် ငြင်းပယ်ထား ကြသည်။

အစိုးရအနေနှင့် ငြိမ်းချမ်းရေးညီလာခံများအတွက် ပို၍လှုပ်သာလှည့်သာရှိသော အချိန်ကာလကို သတ်မှတ်ရန်လိုအပ်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခုလုံးအပေါ် ခြုံငုံ၍ တစ်ဖက်သတ်ချဉ်းကပ်မည်မဟုတ်ကြောင်း လက်နက်ကိုင်အုပ်စုများကို သေချာအောင် ပြသရန်လိုအပ်သည်။ အရပ်ဖက်အဖွဲ့အစည်းများ၊ အမျိုးသမီးများ၊ လူငယ်များအနေဖြင့်လည်း လုပ်ငန်းစဉ်တွင် အားကောင်းသော ပြောဆိုခွင့်ရှိကြောင်း သေချာအောင်လုပ်ဆောင်ရန် လိုအပ်သည်။ ထို့အပြင် NPRC တွင်လည်း လိုအပ်သော ပံ့ပိုးမှုများပေးနိုင်စွမ်းရှိကြောင်း သေချာစေမည့် လုပ်ဆောင်မှုများကိုလည်း ပြုလုပ်ထားသင့်သည်။

လက်နက်ကိုင်အုပ်စုများအနေနှင့်လည်း ၎င်းတို့တွင်ရှိနေသော စိုးရိမ်ပူပန်မှုများကို ပြသရန် တရားဝင်ပြောဆိုခွင့်ရှိသော်လည်း နိုင်ငံရေးအရသဘောတူညီချက်ကို ညှိနှိုင်းဖြေရှင်းရယူနိုင်ရန် ယခုထက်ပိုကောင်းသောအခွင့်အရေးရဖို့ မဖြစ်နိုင်တော့ကြောင်းကို နားလည်လက်ခံရန်လိုအပ်သည်။ ဒေါ်အောင်ဆန်းစုကြည်သည် ဖက်ဒရယ်နှင့် ဒီမိုကရေစီနည်းကျဖြေရှင်းမှုတို့ကို ခိုင်ခိုင်မာမာထောက်ခံကြောင်း ထုတ်ဖော်ပြောဆိုထားပြီး ထိုသို့လုပ်ဆောင်ရန် အထူးသဖြင့် ဗမာလူများစုအပေါ်တွင် ပြိုင်ဖက်ကင်း သြဇာညောင်းသော နိုင်ငံရေးအာဏာကို ရရှိပိုင်ဆိုင်ထားသူဖြစ်သည်။ ထို့ကြောင့် ယခုအချိန်သည် အကြိုဆွေးနွေးမှုများအပေါ်သာ ဆက်လက်အာရုံပြုနေမည့်အစား အထက်ကဆိုခဲ့သော အကြောင်းအရာကို ပုံဖော်နိုင်မည့် ဆွေးနွေးမှုများ စတင်ရမည့်အချိန် ဖြစ်သည်။

အခြားနည်းလမ်းမှာ ဆွဲဆောင်မှုမရှိတော့ပေ။ အချိန်သည် လက်နက်ကိုင်အုပ်စုများဘက်တွင် မရှိပေ။ လက်ရှိအခွင့်အလမ်းကို နှစ်ဖက်စလုံး ဆုပ်ကိုင်ခြင်း မပြုပါက ညှိနှိုင်းအဖြေရှာမှုအလားအလာ မှေးမှိန်သွားမည်ဖြစ်ပြီး ဖက်ဒရယ်စနစ်နှင့် တန်းတူညီမျှရေးတောင်းဆိုမှုများအပါအဝင် လူနည်းစုအသိုင်းအဝိုင်း၏ မကျေလည်မှုများကို ဖြေရှင်းနိုင်ခြင်းမရှိတော့ပဲ ညှိနှိုင်းမှုအဆုံးသတ်သွားကာ ရှုတ်ထွေးပြီး ဘယ်တော့မှ ပြေလည်သွားတော့မည်မဟုတ်သည့် အခြေအနေက အစားထိုးနေရာယူသွားမည့် အလားအလာရှိသည်။ ထိုအခြေအနေသည် နယ်စပ်ဒေသများ၏ ငြိမ်းချမ်းမှုနှင့် တည်ငြိမ်မှု၊ မြန်မာနိုင်ငံ၏ သာယာဝပြောသော အနာဂတ်နှင့် မတူကွဲပြားမှုများကို လက်ခံပေါင်းစပ်ပေးသော ဒီမိုကရက်တစ်နိုင်ငံဖြစ်ပေါ်မှုတို့ကို ထိခိုက်ပျက်သုန်းစေမည်ဖြစ်သည်။

## II. ယခင်အစိုးရ၏ ငြိမ်းချမ်းရေး လက်ဆင့်ကမ်းအမွေ

### A. *လက်နက်ကိုင်အုပ်စုများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်*

၂၀၁၅ နိုဝင်ဘာလ ရွေးကောက်ပွဲများနှင့် အာဏာလွှဲပြောင်းမှုမတိုင်မီ ရှည်လျား သောကြားကာလအတွင်း ယခင်အရပ်သားတစ်ပိုင်းအစိုးရလက်ထက်က လှုပ်ရှားမှုမရှိဖြစ်ခဲ့သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ၂၀၁၆ မတ်လကုန်တွင် အာဏာရလာသော အစိုးရက အမွေဆက်ခံခဲ့သည်။[1] ယခင်အစိုးရသည် သိသာထင်ရှားသော အစောပိုင်းအောင်မြင်မှုများရရှိခဲ့ပြီး ၂၀၁၁ နှင့် ၂၀၁၃ အကြားတွင် လက်နက်ကိုင်အုပ် စု ၁၅ ဖွဲ့နှင့် နှစ်ဖက်အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုများ ရရှိခဲ့သည် (နောက်ဆက်တွဲ ခ နှင့် နောက်ဆက်တွဲ ဂ တွင်ကြည့်) ။ ၂၀၁၅ မတ်လ ၃၁ ရက်တွင် အစိုးရနှင့် လက်နက်ကိုင်အဖွဲ့ ကိုယ်စားလှယ်များ NCA အတွက် ကနဦးလက်မှတ်ထိုးခဲ့ကြသောအချိန်က အကောင်းဖက်မှ ရှုမြင်မှုများစွာ ရှိခဲ့ကြသည်။ သို့ရာတွင် အားလုံးပါဝင်မှုမရှိခြင်း (နှစ်ဦးနှစ်ဖက်အပစ်ရပ်စာချုပ်လက်မှတ်မထိုးရသေးသော AA ၊ TNLA နှင့် MNDAA သုံးဖွဲ့ကို အစိုးရက ပါဝင်ခွင့်မပြုခြင်း) အပေါ်စိုးရိမ်မှုများနှင့် ရွေးကောက်ပွဲနီးကပ်နေချိန်တွင် ဦးသိန်းစိန်အစိုးရအား အဓိကကျသောအောင်မြင်မှုမျိုး မပေးလိုခြင်းတို့ကြောင့် လုပ်ငန်းစဉ်ရပ်ဆိုင်းသွားခဲ့သည်။ နောက်ဆုံးတွင် ၂၀၁၅ အောက်တိုဘာလ ၁၅ တွင် ကျင်းပသော NCA လက်မှတ်ထိုးပွဲတွင် လက်နက်ကိုင် ၈ ဖွဲ့သာ လက်မှတ်ထိုးခဲ့ပြီး တရားဝင်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ခဲ့သော အ ခြား ၁၀ ဖွဲ့က လက်မှတ်မထိုးခဲ့ကြပေ။ ထို့အတွက် လက်မှတ်ထိုးသောအုပ်စုများနှင့် မထိုးသောအုပ်စုများအကြား တင်းမာမှုအချို့ ဖြစ်ပေါ်ခဲ့သည်။[2]

NCA စာချုပ်တွင် နိုင်ငံ၏ အချုပ်အခြာနယ်မြေပိုင်ဆိုင်မှုကို အသိအမှတ်ပြုသော (ခွဲထွက်ခြင်းနှင့် တိုင်းတပါးလက်အောက်ခံအဖြစ် သွပ်သွင်းခြင်းကို လက်သင့်မခံကြောင်း ရှင်းရှင်းလင်းလင်းဖော်ပြထားသော) အခြေခံမူများ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်၏ မူများကို ကတိကဝတ်ပြုထားခြင်း၊ "ဘာသာရေးလွတ်လပ်ခွင့်ရှိသော နိုင်ငံ" အတွင်းတွင် မတူကွဲပြားမှုများရှိနေသော ပြည်သူများနှင့် ယဉ်ကျေးမှုများကို လက်ခံခြင်းများပါဝင်သည်။ တပ်ပိုင်းဆိုင်ရာ လိုက်နာရမည့်ကျင့်ဝတ်တွင် အပစ်ရပ်

---

[1] For recent Crisis Group reporting on Myanmar, see Asia Briefings N°s 147, *The Myanmar Elections: Results and Implications*, 9 December 2015; 146, *Myanmar's Peace Process: A Nationwide Ceasefire Remains Elusive*, 16 September 2015; 144, *Counting the Costs: Myanmar's Problematic Census*, 15 May 2014; 143, *Myanmar's Military: Back to the Barracks?*, 22 April 2014; also Reports N°s 282, *Myanmar's New Government: Finding Its Feet?*, 29 July 2016; 266 *Myanmar's Electoral Landscape*, 28 April 2015; 261, *Myanmar: The Politics of Rakhine State*, 22 October 2014; and, for more detailed historical background on the armed conflict, 214, *Myanmar: A New Peace Initiative*, 30 November 2011.

[2] လက်နက်ကိုင်အုပ်စုအားလုံး၏ အတိုကောက်များ နောက်ဆက်တွဲ ခ တွင်ကြည့်။

နယ်မြေများရှိ အဖွဲ့များအားလုံး၏ လုပ်ဆောင်ချက်အချို့ (တိုက်ခိုက်ခြင်း၊ အင်အားဖြည့်ခြင်း၊ တပ်သားစုဆောင်းခြင်း၊ စခန်းအသစ်ဖွဲ့စည်းခြင်း၊ မိုင်းထောင်ခြင်း) ကို တားမြစ်ထားပြီး တိုက်ပွဲဖြစ်မှုကို ရှောင်ရှားနိုင်ရန် တပ်နေရာချထားမှုနှင့်ဆိုင်သော စည်းကမ်းချက်များကိုလည်း ထည့်သွင်းထားသည်။ ပူးတွဲအပစ်ရပ်စောင့်ကြည့်ရေးအဖွဲ့အတွက်သတ်မှတ်ချက်အပြင် အသွင်ကူးပြောင်းနေသည့်ကာလအတွင်း လက်နက်ကိုင်အုပ်စုများအား ၎င်းတို့၏ ထိန်းချုပ်နယ်မြေအတွင်း အလိုအလျောက်အခွင့်အာဏာရှိသူအဖြစ်အသိအမှတ်ပြုသည့် "ကြားကာလအစီအစဉ်များ"ကိုလည်း ဖော်ပြထားသည်။ NCA အပြီး ဆက်လက်လုပ်ဆောင်ရမည့် နိုင်ငံရေးဆွေးနွေးမှုတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံပါဝင်သည်။ အဆိုပါညီလာခံသည် လက်နက်ကိုင်အဖွဲ့များ လက်နက်ဖြုတ်သိမ်းခြင်းနှင့် လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲခြင်း အပါအဝင် သဘောတူထားသော လုပ်ဆောင်ရန် အဆင့်များနှင့်အညီ အခြေခံဥပဒေနှင့် ဥပဒေများတွင် ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း၊ ဖြည့်စွက်ခြင်းလုပ်ရမည့် ပြဌာန်းချက်များကို လွှတ်တော်မှတဆင့်လုပ်ဆောင်နိုင်ရန် အခြေခံကျသည့် ညီလာခံဖြစ်သည်။[3]

NCA ကို အပြီးသတ်ခြင်းသည် ပြည့်ပြည့်စုံစုံပါဝင်သော ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိရေးအတွက် လိုအပ်သည့် ရှုပ်လျားခက်ခဲသော လုပ်ငန်းစဉ်၏ ပထမဆုံးအဆင့်မျှသာဖြစ်သည်။ ဖြစ်နိုင်မည့် ဖက်ဒရယ်စနစ်၏ ပုံသဏ္ဍာန်၊ ဝင်ငွေများကို မည်သို့ခွဲဝေမည်ဆိုသည့် ပုံစံ၊ လက်နက်ကိုင်အုပ်စုများ၏ အနာဂတ်အနေအထား၊ ဖြစ်နိုင်သော တပ်မတော်ထဲသို့ ပေါင်းစည်းမှုအလားအလာစသည့် စိန်ခေါ်မှုအရှိဆုံး ကိစ္စရပ်များကို နိုင်ငံရေးဆွေးနွေးပွဲတွင် ဆွေးနွေးဆုံးဖြတ်ကြမည်ဖြစ်ရာ အပစ်အခတ်ရပ်စဲမှုစောင့်ကြည့်ရေးနှင့် လိုက်နာရမည့် ကျင့်ဝတ်များနှင့်ပတ်သက်သည့်ကိစ္စအချို့တွင် နည်းစနစ်ပိုင်းဆိုင်ရာများပါဝင်နေသော တပ်ပိုင်းဆိုင်ရာကိစ္စများ ပါဝင်နေသည်။ NCA သည် သတ်မှတ်ချက်များပြည့်မီသော အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တစ်ခု မဟုတ်သကဲ့သို့ အပြည့်အဝပါဝင်သော နိုင်ငံရေးသဘောတူညီချက်တစ်ခုလည်းမဟုတ်ပေ။ တပ်များခွဲခြားထားခြင်း၊ နယ်မြေသတ်မှတ်ခြင်း၊ စီစစ်ခြင်းအစရှိသော စစ်ဖက်ဆိုင်ရာကိစ္စများစွာသည် အမှန်တကယ်အသက်ဝင်လာရန် သဲကွဲမှုမရှိခြင်းနှင့် မပါဝင်ခြင်း သို့မဟုတ် နောက်ထပ်သဘောတူညီမှုများ လိုအပ်ခြင်းများရှိနေသည်။ ၎င်းတွင် နိုင်ငံရေးကိစ္စအများအပြားကို ရည်ညွှန်းထားသော်လည်း အသေးစိတ်ဆွေးနွေးရန် နောင့်နေးလျက်ရှိပါသည်။ အဆိုပါ အရေးပုံစံအနေအထားသည် စတင်ဖြစ်တည်လာကတည်းက မူလအနေအထားဖြစ်သော စားပွဲဝိုင်း

[3] NCA အကြောင်းအသေးစိတ်အတွက် Crisis Group ၏ Myanmar's Peace Process, op. cit., Section IV ကိုကြည့်။

တွင် မတူကွဲပြားသော အဓိကကျသော ပုဂ္ဂိုလ်များနှင့် ဦးစားပေးကိစ္စများ၊ နိုင်ငံရေး အရ အကန့်အသတ်များကို ထင်ဟပ်နေသည်။

NCA ကို အဖွဲ့တချို့က လက်မှတ်ထိုးပြီးနောက် ယခင်အစိုးရသည် NCA ကို အကောင်အထည်ဖော်ရန် တရားဝင်လုပ်ဆောင်ချက်အဆင့်များ စတင်ခဲ့သည်။ ၎င်းတို့မှာ -

- NCA အကောင်အထည်ဖော်မှုကို ကြီးကြပ်ရန် လုပ်ပိုင်ခွင့်ပေးထားသော အဖွဲ့အစည်းဖြစ်သည့် ပူးတွဲအကောင်အထည်ဖော်ရေး ညှိနှိုင်းမှုအစည်းအဝေး (JICM) ၏ ပထမဆုံးအစည်းအဝေးကို ၂၀၁၅ အောက်တိုဘာလ ၁၅ မှ ၁၇ အထိကျင်းပခဲ့သည်။ ထိုအစည်းအဝေးမှ လုပ်ငန်းစဉ်ရှေ့ဆက်သွားရန်အတွက် NCA တွင်ဖော်ပြထားသော ကော်မတီများဖြစ်သည့် တပ်ပိုင်းဆိုင်ရာနှင့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာကိစ္စရပ်များအတွက် ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) နှင့် နိုင်ငံရေးဆွေးနွေးပွဲအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးပွဲ ပူးတွဲကော်မတီ (UPDJC) တို့ကို ဖွဲ့စည်းခဲ့သည်။ JMC တွင် NCA လက်မှတ်ထိုးသော လက်နက်ကိုင်အုပ်စုများမှ ကိုယ်စားလှယ် ၁၀ ဦး၊ အစိုးရ (တပ်မတော်အပါအဝင်) ကိုယ်စားလှယ် ၁၀ ဦး၊ လွတ်လပ်သော အရပ်သားကိုယ်စားလှယ် ၄ ဦး ပါဝင်ပြီး ပြည်နယ်အဆင့် ဆပ်ကော်မတီများလည်းရှိသည်။ UPDJC တွင် အဖွဲ့ဝင် ၁၆ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး NCA လက်မှတ်ထိုးသောအုပ်စုများမှ ကိုယ်စားလှယ်တစ်ဦးစီနှင့် အစိုးရ (တပ်မတော်နှင့် လွှတ်တော်အပါအဝင်) ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ ပါဝင်ပြီး ဒုသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည်။
- ၎င်း NCA စာချုပ်ကို တရားဝင်စေရန် ဒီဇင်ဘာလ ၈ ရက်တွင် ပူးတွဲလွှတ်တော်အစည်းအဝေးက အတည်ပြုပေးခဲ့သည်။
- နိုင်ငံရေးဆွေးနွေးပွဲအတွက် မူဘောင်ကို ဒီဇင်ဘာ ၁၅ ရက်တွင် သဘောတူညီမှုရခဲ့ရာ လုပ်ပိုင်ခွင့်အာဏာ၊ ဆွေးနွေးပွဲအစီအစဉ်၊ လုပ်ဆောင်ရန်နည်းလမ်းများနှင့် ဆွေးနွေးပွဲတွင်ပါဝင်မည့် ကိုယ်စားလှယ် အချိုးအစား စသည်တို့ပါဝင်သည်။
- ပထမဆုံး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ၂၀၁၆ ဇန်နဝါရီလ ၁၂ မှ ၁၆ အထိ ကျင်းပခဲ့ပြီး သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ကေအင်န်ယူအုပ်စုခေါင်းဆောင် မူတူးဆေးဖိုးတို့က အဖွင့်မိန့်ခွန်းပြောကြားခဲ့သည်။ ညီလာခံတွင် တက်ရောက်သူ ၇၀၀ ခန့်ရှိသော်လည်း ရွေးကောက်ပွဲအပြီး အရာမရောက်တော့သောအချိန်တွင် ကျင်းပခဲ့ခြင်းဖြစ်ရာ သင်္ကေတသဘောသာ ဖြစ်၍ လုပ်ငန်းစဉ်စတင်ရေးနှင့် NCA ၏ နိုင်ငံရေးလမ်းပြမြေပုံအတိုင်း လုပ်ဆောင်

ရေးတို့ကို ရည်ရွယ်ခြင်းမျှသာဖြစ်သည်။ NCA လက်မှတ်မထိုးသော အုပ်စုများကို လေ့လာသူအဖြစ် တက်ရောက်ရန် ဖိတ်ကြားခဲ့သော်လည်း အားလုံးနီးပါးက ငြင်းပယ်ခဲ့ကြသည်။[4]

## B. *လက်နက်ကိုင်ပဋိပက္ခ*

ထိုသို့ အရေးကြီးသော လုပ်ထုံးလုပ်နည်းအပိုင်းတွင် တိုးတက်မှုများရှိသော်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာမူ NCA လက်မှတ်ထိုးသည့်အချိန်နှင့် အစိုးရသစ်အာဏာလွှဲပြောင်းလက်ခံသည့် ၂၀၁၆ ဧပြီလအကြားတွင် ရပ်တန့်နေခဲ့သည်။ ထိုအတောအတွင်း လက်တွေ့မြေပြင်အခြေအနေမှာ စိုးရိမ်ဖွယ်ဖြစ်နေခဲ့ပြီး နိုင်ငံ၏ နေရာအနှံ့ အပြားတွင် မမျှော်လင့်ပဲ တိုက်ပွဲများ မကြာခဏဆက်လက်ဖြစ်ပွားခဲ့သည်။

NCA လက်မှတ်ထိုးခဲ့သော အုပ်စုအများစုမှာ ထိုင်းနယ်စပ်အနီးရှိ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့တောင်ပိုင်းတွင် အခြေစိုက်သော အဖွဲ့များဖြစ်သည်။ ၎င်းတို့၏ လက်မှတ်ရေးထိုးမှုသည် ယိုင်နဲ့နဲ့ ဒေသတွင်းငြိမ်းချမ်းရေးကို ပိုမိုခိုင်မာလာစေခြင်း သို့မဟုတ် အနည်းဆုံးအားဖြင့်တော့ တခါတရံထွက်ပေါ်လာတတ်သော တိုက်ပွဲများကို ပျောက်ကွယ်သွားစေသည်။ တရုတ်နယ်စပ်အနီးတွင် အခြေစိုက်သော အုပ်စုများမှာမူ လက်မှတ်ထိုးခြင်းမပြုကြပဲ တပ်မတော်နှင့်ဖြစ်စေ၊ ၎င်းတို့အုပ်စုများအကြားဖြစ်စေ တိုက်ပွဲများ ပုံမှန် (တစ်ခါတစ်ရံပြင်းထန်စွာ) ဖြစ်ပွားကာ အခြေအနေမတည်ငြိမ်မှု ဆက်လက်ဖြစ်ပေါ်နေသည်။ ပထဝီအနေအထားကွဲပြားမှုသည် ရန်ပုံငွေနှင့် လက်နက်ခဲယမ်းများရရှိမှု၊ တရုတ်နှင့် ထိုင်းတို့၏ ကွဲပြားခြားနားသော မူဝါဒများနှင့် နည်းလမ်းများအပါအဝင် ထိုနယ်မြေများရှိ အလွန်ကွဲပြားခြားနားသော နိုင်ငံရေးဘောဂဗေဒဆိုင်ရာအမှန်တရားများကို ထင်ဟပ်လျက်ရှိသည်။

*၂၀၁၅ အစောပိုင်းကတည်းက ရှိခဲ့သော ပြင်းထန်သည့် တိုက်ခိုက်မှုများမှာ -*

- ရှမ်းပြည်နယ်တွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ၌ မြန်မာနိုင်ငံအမျိုးသား ဒီမိုကရက်တစ်မဟာမိတ်တပ် (MNDAA) နှင့် အစိုးရတပ်မတော်အကြား တိုက်ပွဲများပြန်လည်ဖြစ်ပွားမှုသည် ၂၀၁၅ ဖေဖော်ဝါရီလမှ ဇွန်လအတွင်း ပြင်းထန်မှုရှိခဲ့ ပြီး

[4] နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု မူဘောင်နှင့်အညီ စုစုပေါင်းတက်ရောက်သူ ၇၀၀ အား အစိုးရနှင့် လွှတ်တော်အတွက် ၇၅ နေရာစီ၊ တပ်မတော်အတွက် ၁၅၀ နေရာ၊ လက်နက်ကိုင်အုပ်စုများနှင့် မှတ်ပုံတင်နိုင်ငံရေးပါတီများအတွက် ၁၅၀ နေရာ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် အခြားသက်ဆိုင်ရာပုဂ္ဂိုလ်များအတွက် ၅၀ နေရာ ခွဲဝေထားသည်။ လမ်းပြမြေပုံအရ NCA လက်မှတ်ထိုးပြီး ရက်ပေါင်း ၆၀ အတွင်း နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု မူဘောင်ကို သဘောတူညီမှုရရန်၊ ရက်ပေါင်း ၉၀ အတွင်း တွေ့ဆုံဆွေးနွေးမှုစတင်ရန် လိုအပ်သည်။ လက်မှတ်မထိုးအုပ်စုတစ်စုဖြစ်သည့် NSCN Khaplang က ဖိတ်ကြားချက်ကို လက်ခံခဲ့သည်။ အပစ်ရပ်စဲခြင်းမပြုသော လက်မှတ်မထိုးအုပ်စု သုံးဖွဲ့ (AA, TNLA, MNDAA) ကိုမူ ဖိတ်ကြားခြင်းမပြုပေ။

၂၀၁၅ အောက်တိုဘာလတွင် ထပ်မံဖြစ်ပွါးခဲ့သည်။ ရှမ်းပြည်နယ်အတွင်း တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်ဖွဲ့ (TNLA) နှင့် အစိုးရတပ်မတော်အ ကြား၊ TNLA နှင့် ရှမ်းပြည်တပ်မတော်-တောင်ပိုင်း (SSA-South) အကြား ထိတွေ့ပစ်ခတ်မှုများ နေရာအနှံ့တွင် ဖြစ်ပွားခဲ့သည်။ ထို့အပြင် အစိုးရတပ်မတော် နှင့် ရှမ်းပြည်တပ်မတော်-မြောက်ပိုင်း (SSA-North) တို့အကြား တိုက်ခိုက်မှုများသည်လည်း ၂၀၁၅ အောက်တိုဘာလမှ နိုဝင်ဘာလ၊ ၂၀၁၆ ဩဂုတ်လတို့တွင် ပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။

- ကချင်ပြည်နယ်တွင် အစိုးရတပ်မတော်နှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) တို့အကြား တိုက်ခိုက်မှုများတောက်လျှောက်ဖြစ်ပွားလျက်ရှိပြီး အထူးသဖြင့် ၂၀၁၅ ဇူလိုင်လမှ နိုဝင်ဘာလအထိ၊ ၂၀၁၆ ဧပြီလမှ ဩဂုတ်လအထိ တိုက်ပွဲများပြင်းထန်ခဲ့သည်။
- ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တောင်ပိုင်းတွင် အစိုးရတပ်မတော်နှင့် ရခိုင်တပ် ဖွဲ့ (AA) တို့အကြား တိုက်ခိုက်လျက်ရှိပြီး အထူးသဖြင့် ၂၀၁၅ ဧပြီလ၊ ၂၀၁၆ ဇန်နဝါရီလနှင့် ၂၀၁၆ ဧပြီလမှ ဇွန်လအထိ တိုက်ပွဲများဖြစ်ပွားခဲ့သည်။
- ကရင်ပြည်နယ်တွင် ၂၀၁၅ ဇူလိုင်လနှင့် ၂၀၁၆ ဩဂုတ်လမှ စက်တင်ဘာလအ ထိ အစိုးရတပ်မတော်၊ နယ်ခြားစောင့်တပ်များနှင့် ဒီမိုကရက်တစ် ကရင်ဗုဒ္ဓဘာသာတပ်ဖွဲ့ (DKBA) မှ ခွဲထွက်အဖွဲ့တို့အကြား တိုက်ပွဲများဖြစ်ပွားခဲ့သည်။

ယင်းကဲ့သို့ ပဋိပက္ခများနောက်တွင် များသောအားဖြင့် စစ်မက်ပြိုင်ဆိုင်သူအား လုံးက ချိုးဖောက်သော ကြီးမားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ တွဲပါလာလေ့ရှိ သည်။[5] ထို့အပြင် ၎င်းတို့သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တည်ငြိမ်မှုနှင့် ယုံကြည်မှု ကို ပျက်ပြားစေသည့်အပြင် ဒေသခံများ၊ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးငယ်များအပါအဝင် ဘေးသင့်နိုင်ခြေရှိသူများ၏ လူမှုဘဝနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် ဆိုးဆိုးဝါးဝါး ရိုက်ခတ်မှုရှိပြီး ပြည်တွင်းအိုးအိမ်မဲ့မှုများကို မကြာခဏဖြစ်ပေါ်စေသည်။[6] ၂၀၁၁ တွင် KIO နှင့် အပစ်အခတ်ရပ်စဲမှုပျက်ပြားပြီးနောက်ပိုင်း တိုက်ပွဲများဖြစ်ပွားမှု၏ ရလဒ်အဖြစ် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် အိုးအိမ်မဲ့ဒုက္ခသည် ၁၀၀,၀၀၀ ခန့်ရှိနေဆဲဖြစ်သည်။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ရေး ဒေ

[5] ဥပမာအတွက် "Report of the Special Rapporteur on the situation of human rights in Myanmar", UN OHCHR A/HRC/31/71, 18 March 2016 ကိုကြည့်။

[6] ဘေးအန္တရာယ်အသေးစိတ် ဆန်းစစ်မှုအတွက် "ကချင်နှင့် ရှမ်းမြောက် အကာအကွယ်ပေးရေး စိုးရိမ်စရာနှင့် ဘေးအန္တရာယ် ဆန်းစစ်မှု" အောက်တိုဘာ ၂၀၁၅ ကိုကြည့်

သတွင် ဖြစ်ပွားသော တိုက်ပွဲကြောင့် ၂၀၁၅ ဖေဖော်ဝါရီလက တရုတ်နိုင်ငံဖက်သို့ စစ်ဘေးရှောင်ဒုက္ခသည် ၈၀,၀၀၀ ခန့် အများဆုံးထွက်ပြေးခဲ့ကြပြီး အများစုမှာ ယခုပြန်လည်ရောက်ရှိနေကြပြီဖြစ်သည်။ ၂၀၁၆ ပထမခြောက်လပိုင်းအတွင်း ရှမ်းပြည်နယ်မြောက်ပိုင်း၌ အစိုးရတပ်မတော်၊ TNLA တပ်များ၊ SSA-South တပ်များအကြား ရှုပ်ထွေးသော ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အနည်းဆုံး ၁၂,၀၀၀ ခန့် နေအိမ်များ စွန့်ခွာထွက်ပြေးသွားခဲ့ကြပြီး ယခုအခါအများစု ပြန်လည်ရောက်ရှိလာကြသော်လည်း ၃၀၀၀ ခန့်မှာ နေစရာပျောက်ဆုံးနေသည်။ ရခိုင်ပြည်နယ်တွင် ၂၀၁၆ မတ်လမှ ဧပြီလအထိ တိုက်ပွဲဖြစ်ပွါးမှုကြောင့် ၁၉၀၀ နီးပါးခန့် ထွက်ပြေးတိမ်းရှောင်ခဲ့ကြပြီး ယခုတိုင်အိမ်ပြန်မလာနိုင်သေးပေ။ မကြာသေးမီက ၂၀၁၆ စက်တင်ဘာလအတွင်း ကရင်ပြည်နယ်တွင် တိုက်ပွဲဖြစ်ပွားမှုကြောင့် ဒေသခံ ၄၀၀၀ ခန့် စစ်ဘေးတိမ်းရှောင်ခဲ့ကြရသည်။[7]

## III. အစိုးရသစ်၏ ချည်းကပ်ပုံနည်းလမ်း

### A. *ပထမအဆင့် ဆောင်ရွက်မှုများ*

ယခင်အစိုးရလက်ထက်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်ပါဝင်ရန် အခြားနိုင်ငံရေးပါတီများနှင့်အတူ NLD ပါတီကို ဖိတ်ကြားခဲ့သည်။ ပါတီ၏ ကိုယ်စားလှယ်များကို စေလွှတ်ခဲ့သော်လည်း ၎င်းတို့၏ ပူးပေါင်းပါဝင်မှုမှာ အကန့်အသတ်ရှိခဲ့သည်။ ထိုစဉ်က ဒေါ်အောင်ဆန်းစုကြည်သည် ယခင်အစိုးရနှင့် ခပ်ခွာခွာနေခဲ့ပြီး လုပ်ငန်းစဉ်ကိုလည်း ဝေဖန်ပြောဆိုမှုများရှိခဲ့သည်။ ၂၀၁၆ ဇန်နဝါရီလက ငြိမ်းချမ်းရေးညီလာခံတွင် သူပြောကြားခဲ့သော မိန့်ခွန်း (အထက်တွင်ဖော်ပြထား) သည် ထိုအချက်ကို သိသာထင်ရှားစေသည်။

ဒေါ်အောင်ဆန်းစုကြည်က ငြိမ်းချမ်းရေးရရှိရေးသည် သူ့အစိုးရ၏ ထိပ်တန်းဦးစားပေးဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပြီး NLD ပါတီ၏ ရွေးကောက်ပွဲကြေညာစာတမ်းတွင်လည်း ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ၏ အကြောင်းရင်းများကို ဖြေရှင်းရန် ပင်လုံစိတ်ဓာတ် (လွတ်လပ်ရေးမရမီက ၁၉၄၇ တွင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ပင်လုံညီလာခံကို ရည်ညွှန်း) ကို အခြေခံသော နိုင်ငံရေးဆွေးနွေးပွဲကျင်းပရန်

[7] ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးရုံး၏ ကိန်းဂဏန်းများ၊ ကရင်ပြည်နယ် အိုးအိမ်ပျောက်ဆုံးမှုများမှလွဲ၍၊ "Tatmadaw launch operations against KKO splinter group in Wah Boh Taung-Kyonhtaw, Methawaw regions", *Global New Light of Myanmar*, 17 September 2016.

ကတိပြုသည်ဟု ဖေါ်ပြခဲ့သည်။[8] အာဏာလွှဲပြောင်းလက်ခံပြီးနောက် ဧပြီလ ၁၈ ရက်တွင် ဒေါ်အောင်ဆန်းစုကြည်က ပထမဆုံး နှစ်သစ်ကူးမိန့်ခွန်း ပြောကြားရာတွင် သူ၏အစိုးရသည် NCA တွင် ကျန်ရှိနေသောအုပ်စုများ ပါဝင်လာစေရန် ရည်ရွယ်ထားကြောင်းနှင့် စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကို တည်ဆောက်နိုင်ရန် ငြိမ်းချမ်းရေးညီလာခံများမှတဆင့် ဆက်လက်ကြိုးပမ်းသွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။[9] လုပ်ငန်းစဉ်ကို သူကိုယ်တိုင် ဦးဆောင်သွားမည်ဟု ရည်ညွှန်းပြောဆိုခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်သည် ဧပြီလ ၂၇ ရက် JMC အစည်းအဝေးတွင် သူ၏ အစီအစဉ်များထဲမှ ပထမဆုံးအချက်ကို ချပြခဲ့ပြီး ၂၁ ရာစု ပင်လုံညီလာခံကို နှစ်လအတွင်း ကျင်းပမည်ဟု ကြေညာခဲ့သည်။ ထိုညီလာခံ၏ ပုံသဏ္ဍာန်နှင့် အကြောင်းအရာနစ်မျိုးစလုံးကြောင့် တိုင်းရင်းသားခေါင်းဆောင်များအကြား စိုးရိမ်မကင်းဖြစ်ခဲ့သည်။ ၎င်းအစီအစဉ်နှင့်ပတ်သက်၍ တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများ သို့မဟုတ် နိုင်ငံရေးခေါင်းဆောင်များနှင့် ကြိုတင်ညှိနှိုင်းတိုင်ပင်မှုမရှိခဲ့ပေ။ အစီအစဉ်အသေးစိတ်ကိုလည်း ပြောကြားခြင်းမရှိပေ။ လုပ်ငန်းစဉ်ကို တစ်ဖက်သတ်ချဉ်းကပ်လုပ်ဆောင်မည်ဟု အချက်ပေးလိုက်သည့်သဖွယ် ရှုမြင်ခြင်းခံရပြီး လုပ်ငန်းစဉ်တွင် လနှင့်ချီ၍ အသေးစိတ်ညှိနှိုင်းရန်လိုအပ်သော ဥပဒေအရအားလုံးလိုက်နာကြရမည့် မူဘောင်ပါဝင်သည်။ နိုင်ငံရေးဆွေးနွေးပွဲအတွက် လုပ်ပိုင်ခွင့်ရှိသောအဖွဲ့မှာ UPDJC သာဖြစ်ပြီး တပ်ဖက်ဆိုင်ရာ သို့မဟုတ် အပစ်အခတ်ရပ်စဲရေး အတွက်တာဝန်ရှိသော JMC အစည်းအဝေးတွင် ထိုသို့ကြေညာမှုသည် ထပ်ဆင့် စိုးရိမ်ပူပန်မှုများကို ဖြစ်စေသည်။[10]

ဒေါ်အောင်ဆန်းစုကြည်သည် သူဥက္ကဌအဖြစ် ဆောင်ရွက်သော UPDJC ၏ မေလ ၂၆-၂၈ အစည်းအဝေးတွင် စိုးရိမ်ပူပန်မှုအချို့ကို လျှော့ချရန်ကြိုးစားခဲ့သည်။ သူက NCA မူဘောင်အတိုင်း ဆက်လက်လုပ်ဆောင်မည်ဖြစ်ပြီး ၂၁ ရာစု ပင်လုံသည် NCA မူဘောင်တွင် မျှော်မှန်းထားသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၏ အမည်ကွဲ

[8] NLD ၂၀၁၅ ရွေးကောက်ပွဲ ကြေညာစာတမ်း စာ ၅။ Crisis Group Report, Myanmar: A New Peace Initiative, op. cit., Section I ကြည့်။ ၁၉၄၇ ပင်လုံညီလာခံသည် ငြိမ်းချမ်းရေးစာချုပ်မဟုတ်ပေ။ မြန်မာနိုင်ငံလွတ်လပ်ရေးယူရာတွင်ပါဝင်ရန် တောင်တန်းဒေသ (ရှမ်း၊ ကချင်၊ ချင်း) က သဘောတူခဲ့ပြီး အပြန်အလှန်အားဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးရန် ကတိပြုခဲ့သည်။

[9] နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် နှစ်သစ်ကူးသဝဏ်လွှာ ပေးပို့ Global New Light of Myanmar ၁၈ ဧပြီ ၂၀၁၆

[10] တိုင်းရင်းသားပါတီနှင့် လက်နက်ကိုင်အုပ်စုခေါင်းဆောင်များနှင့် Crisis Group က တွေ့ဆုံမေးမြန်းခြင်း၊ ၂၀၁၆ မေလမှ ဇူလိုင်လ။ ဥပမာအားဖြင့် တစ်လအကြာတွင် NCA လက်မှတ်ထိုးသော အဓိကလက်နက်ကိုင်အဖွဲ့တစ်ခုဖြစ်သော ရှမ်းပြည်တပ်မတော်-တောင်မှ ခေါင်းဆောင်က အဆိုပါလက္ခဏာနစ်ခုအတွက် စိုးရိမ်ပူပန်မှုကို ထုတ်ဖော်ပြောဆိုခဲ့သည်။ "ဒုဗိုလ်ချုပ်ကြီးရွက်ဆစ် - ဒီညီလာခံကသာ မှားသွားခဲ့ရင် အနာဂတ်ပြည်ထောင်စုအပေါ် သက်ရောက်မှုတွေရှိပါလိမ့်မယ်" Shan Herald Agency for News, 26 May 2016.

တစ်ခုသာဖြစ်သည်ဟု အတည်ပြုပြောကြားခဲ့သည်။ ထိုသို့တိုင်းရင်းသားခေါင်းဆောင်များကို ပြန်လည်အာမခံခဲ့သော်လည်း အခြားမှတ်ချက်ပေးမှုများက နောက်ထပ်စိုးရိမ်မှုအသစ်များကို ဖြစ်ပေါ်စေခဲ့ရာ အထူးသဖြင့် နိုင်ငံရေးဆွေးနွေးပွဲများ၌ UPDJC တွင် သဘောတူထားသော အဓိကအကြောင်းအရာငါးခုရှိရာမှ ဖက်ဒရယ်စနစ်နှင့် လုံခြုံရေးကဏ္ဍနှစ်ခုအဖြစ်သို့ ဆွေးနွေးမှုဘောင်ကို ချုံ့ပစ်ရန် ရည်ရွယ်ကြောင်း ပြောကြားခဲ့မှုဖြစ်သည်။[11] ထိုသို့ပြုလုပ်လျှင် အဓိကကျသောနယ်ပယ်အချို့ ကျန်ခဲ့မည်ဖြစ်ပြီး ဘာသာစကားမူဝါဒကဲ့သို့ လွယ်ကူသောကိစ္စများကို ဖြေရှင်းခြင်းဖြင့် ယုံကြည်မှုတည်ဆောက်နိုင်သော အခွင့်အလမ်းကို ဆုံးရှုံးမည်ဖြစ်သည်။ လက်နက်ကိုင်အုပ်စုခေါင်းဆောင်များက ပြင်းပြင်းထန်ထန်ကန့်ကွက်မှုကြောင့် ၂၁ ပင်လုံညီလာခံမတိုင်မီ ၎င်းကိစ္စကို ဖြေရှင်းနိုင်ခြင်းမရှိပဲ ယခုအထိ ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။ လက်နက်ကိုင်အုပ်စုများ၏ စိုးရိမ်မှုများကို လက်ခံပေးဖွယ်ရှိရာ နိုင်ငံရေးဆွေးနွေးမှုတွင် ပါဝင်မည့်နယ်ပယ်များမှာလည်း မပြောင်းမလဲဆက်ရှိနေနိုင်သော်လည်း ဦးစားပေးကိစ္စများကို အဓိကအာရုံပြုဖွယ်ရှိသည်။[12] ယခုအချိန်အထိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အရပ်ဖက်လူမှုအသိုင်းအဝိုင်းကို ထိတွေ့မှုအနည်းငယ်သာရှိသည့်အပြင် အထူးသဖြင့် အမျိုးသမီးများနှင့် လူငယ်များ၏ အသံများကို ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာအောင် အားထုတ်မှု အနည်းအကျဉ်းသာရှိသည်။

မေလ ၃၁ ရက်တွင် အစိုးရက ဖွဲ့စည်းပုံသုံးခုပါဝင်သော ငြိမ်းချမ်းရေးကို ဖွဲ့စည်းတည်ဆောက်မည့် အစီအစဉ်အသစ်ကို ကြေညာခဲ့သည် -

- NCA အရ လုပ်ပိုင်ခွင့်အာဏာအပ်နှင်းထားသော JMC နှင့် နောက်ပိုင်းဒေါ်အောင်ဆန်းစုကြည်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ရွေးကောက်ပွဲအနိုင်ရပါတီများမှ ကိုယ်စားလှယ်များကိုသာ ပါဝင်ခွင့်ပြုရန် ကန့်သတ်ထားသည့် UPDJC ၊

- ယခင်အစိုးရလက်ထက်က မြန်မာ့ငြိမ်းချမ်းရေးဗဟိုဌာန (MPC) ကို အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) အဖြစ် အသွင်ပြောင်းလဲလိုက်သည့် ကော်မတီ။ ဇူလိုင်လ ၁၁ ရက် တွင်စတင်သော ဗဟိုဌာနသစ်ကို ဒေါ်အောင်ဆန်းစုကြည်က ဦးဆောင်သည်။ ၎င်း၏ လက်အောက်တွင် သူ၏ ကိုယ်ရေး

---

[11] Ibid. "NCA to guide 21st Century Panglong Conference", Global New Light of Myanmar ၂၆ မေ ၂၀၁၆။ ယခင် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု မူဘောင်တွင် အဓိကကဏ္ဍငါးရပ် ပါဝင်ရန် သဘောတူထားသည်။ ယခု ဖြုတ်ချထားခဲ့မည့် ကဏ္ဍသုံးရပ်မှာ လူမှုရေးကဏ္ဍ (ယဉ်ကျေးမှု၊ ဘာသာစကား၊ ကျား-မ၊ ပြန်လည်နေရာချထားရေး၊ လူ့အခွင့်အရေး၊ မူးယစ်ဆေးဝါး အပါအဝင်) ၊ စီးပွါးရေးကဏ္ဍ (နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ အခွန်နှင့် ဝင်ငွေခွဲဝေရေးနှင့် ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအပါအဝင်) ၊ မြေယာနှင့် သဘာဝသယံဇာတကဏ္ဍ (အရင်းအမြစ်စီမံခန့်ခွဲမှု နှင့် ဝင်ငွေခွဲဝေရေးအပါအဝင်) တို့ဖြစ်သည်။

[12] UPDJC ကော်မတီဝင်များနှင့် Crisis Group အင်တာဗျူး၊ ရန်ကုန် စက်တင်ဘာ ၂၀၁၆။

ဆရာဝန်လည်းဖြစ်၊ ငြိမ်းချမ်းရေးညှိနှိုင်းမှုတာဝန်ခံအဖြစ် အသစ်တာဝန်ပေးထားသူ ဒေါက်တာတင်မျိုးဝင်း ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင်အသစ်ရှိသည်။[13] ယခင်ကကဲ့သို့ အစိုးရဝန်ထမ်း မဟုတ်သူ ပညာရှင်များက အဓိကစီမံခန့်ခွဲသော အစိုးရတစ်ပိုင်းအဖွဲ့အစည်း မဟုတ်တော့ပဲ ယခုဗဟိုဌာနသစ်ကို ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံတော်အတိုင်ပင်ခံရုံး၏ လက်အောက်ရှိ အစိုးရဌာနတစ်ခုအဖြစ် ဖွဲ့စည်းခဲ့ပြီး အစိုးရဝန်ထမ်းများက တာဝန်ထမ်းဆောင်ကာ အစိုးရဌာနဆိုင်ရာ ဥပဒေများ၊ ဘဏ္ဍာရေးစည်းမျဉ်းများဖြင့် စီမံခန့်ခွဲသည်။

- ၂၁ ရာစု ပင်လုံညီလာခံ ကြိုတင်ပြင်ဆင်ရေးကော်မတီ။ ဒေါက်တာတင်မျိုးဝင်းကပင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး NCA လက်မှတ်ထိုးသော အုပ်စုများ၊ လက်မှတ်မထိုးသော အုပ်စုများနှင့် ဆက်ဆံဆောင်ရွက်ရန် ဆပ်ကော်မတီများ ပါဝင်သည်။

## B. *ငြိမ်းချမ်းရေးညီလာခံ ကြိုတင်ပြင်ဆင်မှုများ*

၂၁ ပင်လုံကျင်းပမည့်ရက်သည် မူလအဆိုပြုထားသည့် ဖွန်လကုန်နှင့် လွဲချော်သွားသော်လည်း အဓိကကြန့်ကြာနိုင်သည့် ကိစ္စရပ်များကို ရှောင်ရှားရန် ဒေါ်အောင်ဆန်းစုကြည်က ဆုံးဖြတ်ထားပုံရသည်။ ထိုသို့ဆုံးဖြတ်ရခြင်းသည် စဉ်းစားမှုနှစ်မျိုးကို အခြေခံ၍ ဆင်းသက်လာပုံရသည်။ ပထမတစ်ခုမှာ မည်သည့်လက်နက်ကိုင်အုပ်စုများပါဝင်သင့်သည်ဟူသောကိစ္စကြောင့် လုပ်ငန်းစဉ်တွင် ဆွေးနွေးမှုများတိုးတက်မှု တန့်သွားချိန်တွင် ယခင်အစိုးရ၏ အတွေ့အကြုံမျိုး ပြန်မဖြစ်လိုခြင်းဖြစ်ပုံရပြီး ဒုတိယတစ်ခုမှာ ရွေးကောက်ပွဲ၌ သောင်ပြိုကမ်းပြို အနိုင်ရရှိမှုကြောင့် သူ၏အုပ်ချုပ်မှုသက်တမ်း အစောပိုင်းကာလများတွင် ဩဇာလွှမ်းမိုးနိုင်မှု အကြီးမားဆုံးဖြစ်မည်ဟုယူဆခြင်းတို့ကို အခြေခံစဉ်းစားပုံရသည်။ အကဲခတ်လေ့လာသူအချို့ကလည်း စက်တင်ဘာလတွင် ဝါရှင်တန်ဒီစီ၌ သမ္မတအိုဘားမားနှင့်တွေ့ဆုံခြင်းမပြုမီနှင့် ကုလအထွေထွေညီလာခံ မတက်ရောက်မီ ငြိမ်းချမ်းရေးညီလာခံကို ကျင်းပလိုခြင်းဖြစ်သည်ဟု ယုံကြည်ကြသည်။ သို့ဖြင့် သူ၏ တိုက်တွန်းမှုအရ ၂၁ ပင်လုံကို ဩဂုတ်လ ၃၁ ရက်ထက် နောက်မကျပဲ စတင်ရန် NCA လက်မှတ်ထိုးအုပ်စုများနှင့် သဘောတူညီမှုရရှိခဲ့သော်လည်း လက်မှတ်မထိုးသောအုပ်စုများ သဘောတူလက်ခံမှုရရှိရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးနစ်မျိုးစလုံးအတွက် လုပ်ရကြပ်သော အချိန်ဇယားဖြစ်သည်။[14]

[13] သမ္မတရုံးအမိန့် ၅၀/၂၀၁၆ နှင့် ၅၁/၂၀၁၆ ဖြင့် ဖွဲ့စည်းသည်၊ ၁၁ ဇူလိုင် ၂၀၁၆။
[14] လက်နက်ကိုင်အုပ်စုခေါင်းဆောင်များ၊ နိုင်ငံတကာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကြံပေးများနှင့် Crisis Group အင်တာဗျူး၊ ရန်ကုန် ဇူလိုင်-ဩဂုတ် ၂၀၁၆။ "Gov't, NCA signatories agree to hold UPC no later than 31 August", Global New Light of My-anmar, 29 June 2016.

၂၁ ပင်လုံကို လက်နက်ကိုင်အုပ်စုအားလုံးပါဝင်နိုင်အောင်ပြုလုပ်မည်ဟု အစကတည်းက ကြေညာခဲ့သော ရည်ရွယ်ချက်ကို အပြုသဘောလက်ခံခဲ့ကြသည်။ ထိုအတွက်ကို လက်မှတ်မထိုးသောအုပ်စုများက ကာလကြာရှည်က တောင်းဆိုခဲ့ကြခြင်းဖြစ်သည်။ ဇွန်လ ၃ ရက်တွင် ဒေါက်တာတင်မျိုးဝင်းသည် လက်မှတ်မထိုးသော အုပ်စုများပါဝင်လာစေရန် ပထမအဆင့်ကြိုးစားမှုအဖြစ် ၎င်းတို့၏ ပင်မအဖွဲ့ဖြစ်သော ညီညွတ်သော တိုင်းရင်းသား လူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) နှင့် တွေ့ဆုံခဲ့သည်။ ထို့နောက်တွင် လက်မှတ်မထိုးသောအုပ်စုများထဲမှ UNFC အဖွဲ့ဝင်မဟုတ်သော UWSA 'ဝ' အုပ်စု၊ NDAA မိုင်းလားအုပ်စုတို့နှင့် ဇွန်လ ၁၇ ရက်နှင့် ၁၉ ရက်တို့တွင် သီးခြားစီတွေ့ဆုံခဲ့သည်။ ယခင်အစိုးရလက်ထက်က လက်မှတ်မထိုးသောအုပ်စုများကို လေ့လာသူအဖြစ်သာ ဖိတ်ကြားခဲ့ရာ ယခုအစိုးရသစ်က ပထမဆုံး ၂၁ ပင်လုံ ညီလာခံသည် ရှင်းလင်းတင်ပြမှုများသာ ပါဝင်မည်ဖြစ်ပြီး ဆွေးနွေးညှိနှိုင်းခြင်း၊ ဆုံးဖြတ်ခြင်းများ ပြုလုပ်မည်မဟုတ်ခြင်း၊ လက်နက်ကိုင်အုပ်စုအားလုံးတက်ရောက်သူ အဆင့်ဖြစ်ခြင်း စသည့်အချက်များဖြင့် သင်္ကေတမြောက်အရေးပါရမည်ဟု ညွှန်းဆိုကာ အားလုံးတက်ရောက်အောင်ခေါ်ယူခဲ့သည်။ သို့ရာတွင် အစိုးရ၏ ရပ်တည်ချက်မှာမူ ယခင်အတိုင်းသာဖြစ်ပြီး အနာဂတ်နိုင်ငံရေး ဆွေးနွေးပွဲများတွင် လက်မှတ်ထိုးထားသောအုပ်စုများသာ ပါဝင်နိုင်မည်ဖြစ်သည်။[15]

ထို့အပြင် ယခင်ကပါဝင်ခြင်းမရှိသော AA ၊ TNLA ၊ MNDAA အုပ်စုသုံးခုနှင့်လည်းတွေ့ဆုံညှိနှိုင်းမှုများပြုလုပ်ခဲ့သည်။ ၎င်းတို့သုံးဖွဲ့သည် တပ်မတော်နှင့် နှစ်ဦးနှစ်ဖက်အပစ်ရပ်စာချုပ်လက်မှတ်ထိုးမထားသောကြောင့် NCA လက်မှတ်ထိုးရန် အကြုံးမဝင်သည့်အပြင် ၎င်းတို့အား လက်နက်ချခိုင်းသည့် သဘောသက်ရောက်သော လက်နက်စွန့်လွှတ်ရမည်ဟု တပ်မတော်က ယခင်ကစည်းကမ်းသတ်မှတ်ခဲ့သည်။ အာချေးနီးပေါ၊ မြောက်အိုင်ယာလန်တို့တွင် အသုံးပြုခဲ့သည့်ပုံစံများအတိုင်း စီစစ်နိုင်သော နည်းလမ်းဖြင့် လက်နက်များကို အသုံးမပြုနိုင်အောင်ထားလျှင်ပင် လုံလောက်သည်ဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မကြာခဏအဆိုပြုခဲ့သော်လည်း ပယ်ချခဲ့ကြသည်။[16] ထို့နောက်တွင် မူအားဖြင့် လက်နက်ကိုင်လှုပ်ရှားမှုကို စွန့်လွှတ်ရန်ကတိပြုရေးကို အဓိကထား၍ ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ခဲ့ကြသည်။ ညှိနှိုင်းမှုတွင် သိသိသာသာ တိုးတက်မှုများရှိခဲ့ပြီး လက်နက်ကိုင်တော်လှန်မှုနှင့် အကြမ်းဖက်မှုဟူသော ဗမာစကားလုံးများတွင် ညှိ၍မရပဲ တန့်နေခဲ့သည်။[17] သို့ရာတွင် သဘောတူညီမှုမရရှိသောကြောင့် ထို

[15] ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင်များနှင့် Crisis Group အင်တာဗျူး၊ ရန်ကုန် ဩဂုတ် ၂၀၁၆။
[16] တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် စာနယ်ဇင်းများတွေ့ဆုံ၊ ၁၃ မေ ၂၀၁၆။ ငြိမ်းချမ်းရေးညီလာခံ စည်းကမ်းချက်များကို တပ်မတော်ထုတ်ပြန်၊ မြန်မာတိုင်းမ် ၁၆ မေ ၂၀၁၆။
[17] ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင်များနှင့် Crisis Group အင်တာဗျူး၊ ရန်ကုန် ဩဂုတ် ၂၀၁၆။

သုံးဖွဲ့ကလည်း မည်သည့်ကြေညာချက်မှ ထုတ်ပြန်ခြင်းမပြုတော့ပေ။ ၎င်းတို့ကိုလည်း ၂၁ ပင်လုံသို့ ဖိတ်ကြားခြင်းမပြုတော့ပေ။ သို့ရာတွင် ထိုသို့အားလုံးပါဝင်မှုမရှိခြင်းသည် လက်မှတ်မထိုးသောအုပ်စုများက ထောက်ပြကြသော အဓိကအချက်ဖြစ်သော်လည်း UNFC နှင့် အခြားလက်မှတ်မထိုးသော အုပ်စုများ၏ သပိတ်မှောက်ခြင်းကိုမူ ဖြစ်ပေါ်စေခဲ့ခြင်းမရှိပေ။[18]

၂၁ ပင်လုံ ညီလာခံမတိုင်မီတွင် တိုင်းရင်းသားလက်နက်ကိုင်အုပ်စု ၁၇ ဖွဲ့ သည် သော့ချက်ကျသော ကိစ္စရပ်များနှင့်ပတ်သက်သည့် သဘောထားရပ်တည် ချက်များကို ညှိနှိုင်းရန်အတွက် KIO နယ်မြေ မိုင်ဂျာယန်တွင် ဇူလိုင်လ ၂၆ မှ ၃၀ အထိ အဓိကမဟာဗျူဟာအစည်းအဝေးကို ကျင်းပခဲ့ကြပြီး ကုသမဂ္ဂနှင့် တရုတ်နိုင် ငံတို့က နိုင်ငံတကာလေ့လာသူများအဖြစ် တက်ရောက်ခဲ့ကြသည်။ မိုင်ဂျာယန်သို့ လက်နက်ကိုင်အုပ်စု လေးဖွဲ့ (UWSP ၊ MNDAA ၊ TNLA ၊ NSCN- Khaplang) တက်ရောက်ခြင်းမပြုခဲ့ပေ။ UWSP 'ဝ' အုပ်စုသည် မဟာမိတ် NDAA မိုင်းလားအုပ်စုနှင့် အတူ နေပြည်တော်သို့လာရောက်၍ ဒေါ်အောင်ဆန်းစုကြည်၊ တပ်မတော်ကာကွယ် ရေးဦးစီးချုပ်စသော ခေါင်းဆောင်များနှင့် ဇူလိုင်လ ၂၉ ရက်တွင် တွေ့ဆုံခဲ့သည်။[19]

## C. *၂၁ ရာစု ပင်လုံညီလာခံ*

၂၁ ရာစု ပင်လုံညီလာခံဟု အမည်ပေးထားသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို နေပြည်တော်တွင် ဩဂုတ်လ ၃၁ မှ စက်တင်ဘာလ ၃ ရက်အထိ ကျင်းပခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်က အဖွင့်မိန့်ခွန်းပြောကြားပြီးနောက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကေအင်န်ယူ ဥက္ကဋ္ဌ၊ NLD ပါတီနာယက ဦးတင်ဦး (ကာကွယ်ရေးဦးစီးချုပ်ဟောင်း) ၊ ကေအိုင်အို ဒုတိယဥက္ကဋ္ဌ၊ ကုလအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းတို့က အသီးသီး အမှာစကား ဆက်လက်ပြောကြားခဲ့ကြသည်။[20]

AA ၊ MNDAA ၊ TNLA နှင့် NSCN- Khaplang လေးဖွဲ့မှလွဲ၍ တိုင်းရင်းသားလက်နက်ကိုင်အုပ်စုအားလုံးနီးပါး၏ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြသည်။[21] လေး

---

[18] See Crisis Group Briefing, *Myanmar's Peace Process* op. cit., Section III.B.

[19] မိုင်ဂျာယန် အစည်းအဝေးနှင့် နေပြည်တော်ခရီးစဉ် နှစ်ခုစလုံးတွင် NDAA ပါဝင်။

[20] KIO ဒုတိယဥက္ကဋ္ဌ၏ အမှာစကားပြောကြားမှုသည် နောက်ဆုံးမိနစ် အလျှော့ပေးမှုဖြစ်ပြီး လက်မှတ်မထိုးသော အုပ်စုများအတွက် အမှာစကားပြောရန် မူလက အစီအစဉ်မရှိပေ (ဗိုလ်ချုပ်ကြီးအင်ဘန်လသည် UNFC တွင်လည်း ဥက္ကဋ္ဌဖြစ်သည်)

[21] ပထမသုံးခုမှာ ဖိတ်ကြားမခံရပဲ NSCN Khaplang သည် ဖိတ်ကြားခံရသော်လည်း အိန္ဒိယ မြန်မာနယ်စပ်တွင် လွတ်လပ်သော နာဂအုပ်ချုပ်ရေးနယ်မြေ ထူထောင်မည့် ရည်ရွယ်ချက်သည် NCA၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ နိုင်ငံရေးမူအရ ကိုက်ညီခြင်းမရှိပေ။

ရက်ကြာညီလာခံတွင် ပါဝင်တက်ရောက်သူ ၈၅၀ ခန့်ရှိသည်။ ညီလာခံ၏ ပွင့်လင်းမြင်သာမှုကို လက်နက်ကိုင်အုပ်စုကိုယ်စားလှယ်များက ကြိုဆိုခဲ့ကြပြီး ၁၀ မိနစ်စာ တင်ပြမှု ၇၂ ခုကို နိုင်ငံပိုင်ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ခဲ့ရာ နှစ်ပေါင်းငါးဆယ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ဖမ်းဆီးခံ၊ ထောင်ချခံရမည်ကို စိုးရိမ်စရာ မလိုပဲ ဆန္ဒနှင့် လိုလားချက်များကို ထုတ်ဖေါ်ပြောဆိုနိုင်ခဲ့သည်ဟု တိုင်းရင်းသားအသိုင်းအဝိုင်းက မှတ်ချက်ပေးကြသည်။[22]

လက်မှတ်မထိုးသောအုပ်စုအများစု တက်ရောက်ခြင်းသည် အရေးကြီးသော ရှေ့ခြေလှမ်းတစ်ခုဖြစ်သည်။ သို့ရာတွင် ထိုခြေလှမ်းသည် လက်နက်ကိုင်အုပ်စုခေါင်းဆောင်များဖက်တွင် အစိုးရသစ်အပေါ် သိသိသာသာ ပိုမိုယုံကြည်လာခြင်းကို ရည်ညွှန်းသည်ဟုမဆိုနိုင်ပေ။ ၎င်းသည် အလွန်ကွဲပြားခြားနားနေသော နိုင်ငံရေးအခင်းအကျင်းကို ပိုမိုထင်ဟပ်ရာ အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်၏ ပြည်တွင်းနှင့် နိုင်ငံတကာတွင် တရားဝင်မှုကို ထင်ဟပ်သည်။ လက်နက်ကိုင်အုပ်စုခေါင်းဆောင်အများစုက သံသယနှင့် စိုးရိမ်မှုအချို့ရှိနေသော်လည်း ၎င်းတို့တွင် ရွေးချယ်စရာ အနည်းငယ်သာရှိခြင်းကြောင့် ပါဝင်တက်ရောက်ရန်သာရှိသည်ဟု ခံစားခဲ့ကြရပြီး အချို့ကလည်း တရုတ်နိုင်ငံ၏ ဖိအားပေးမှုကြောင့် တက်ရောက်လာခဲ့ကြခြင်းဖြစ်သည် (အောက်တွင်ကြည့်) ။[23] ထင်ရှားသော ရှမ်းနိုင်ငံရေးသမားတစ်ဦးဖြစ်ပြီး ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဌဖြစ်သူ ဦးခွန်ထွန်းဦးကမူ လက်နက်ကိုင်အုပ်စုအားလုံးပါဝင်ခြင်းမရှိဟူသောအချက်ကို အခြေခံ၍ သပိတ်မှောက်ရန် ဆုံးဖြတ်ခဲ့ သည် (သို့သော်လည်း ထိုသို့ဆုံးဖြတ်မှုမှာ NLD နှင့် ၎င်း၏ပါတီအကြား နိုင်ငံရေးတင်းမာမှုက လွှမ်းမိုးမှုရှိကြောင်း သံသယရှိစရာ မလိုပေ) ။[24]

ထို့အပြင် ညီလာခံကို တက်သုတ်ရိုက်ကျင်းပသည်ဟု လက်နက်ကိုင်အုပ်စုအများစုက ခံစားကြရပြီး စီမံခန့်ခွဲမှုအလွဲများကြောင့် သိသိသာသာ စိတ်အနှောက်အယှက်ဖြစ်မှုများလည်းရှိခဲ့သည်။ လက်နက်ကိုင်အုပ်စုကိုယ်စားလှယ်များသည် နေပြည်တော်လေဆိပ်တွင် လာရောက်ကြိုဆိုသူမရှိသဖြင့် တည်းခိုရန်နေရာသို့ ကိုယ်တိုင်ရှာဖွေသွားရောက်ခဲ့ကြရခြင်း၊ အကြီးတန်းခေါင်းဆောင်များအပါအဝင် ကိုယ်စား

---

[22] လက်နက်ကိုင်အုပ်စု ကိုယ်စားလှယ်များနှင့် Crisis Group အင်တာဗျူး၊ ရန်ကုန် စက်တင်ဘာ ၂၀၁၆။ "Political Monitor အမှတ် ၂၀", Euro-Burma Office, ၂၀ ဩဂုတ်-၂ စက်တင်ဘာ ၂၀၁၆။

[23] Ibid.

[24] လက်နက်ကိုင်အုပ်စု ကိုယ်စားလှယ်များ၊ လေ့လာဆန်းစစ်သူများနှင့် Crisis Group အင်တာဗျူး၊ ရန်ကုန် စက်တင်ဘာ ၂၀၁၆။ "ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ဦးခွန်ထွန်းဦး မပါဝင်" ရှမ်းသံတော်ဆင့်သတင်း၊ ၃၁ ဩဂုတ် ၂၀၁၆။ တင်းမာမှုအသေးစိတ်အတွက် Crisis Group Report, *Myanmar's New Government*, op. cit., Section III.C ကြည့်။

လုပ်အချို့ကို အစိုးရက ဘော်ဒါဆောင်ပုံစံ တည်းခိုဆောင်တွင် နေရာချပေးခြင်း၊ နာမည်ကဒ်ပြားနှင့် စာရွက်စာတမ်းများတွင် လက်နက်ကိုင်အုပ်စုများ၏ စစ်ဖက်ဆိုင်ရာ ကိုယ်စားလှယ်များ၏ အမည်ရှေ့တွင် ရာထူးအဆင့် သို့မဟုတ် အခြား ဂုဏ်ပုဒ်ပြသသော အသုံးအနှုန်းများမပါဝင်ခြင်း (မြန်မာနိုင်ငံတွင် အမည်၏ရှေ့၌ ဦး သို့မဟုတ် ဒေါ် ကဲ့သို့ စကားလုံးများမပါလျှင် ယဉ်ကျေးခြင်းမရှိဟု ယူဆကြသည်) အစရှိသော ကိစ္စများဖြစ်ပေါ်ခဲ့သည်။ အဓိကအုပ်စု UWSA က စေလွှတ်လိုက်သော ကိုယ်စားလှယ်အဖွဲ့သည် ၎င်းတို့အား ခွဲခြားဆက်ဆံသည်ဟု ခံစားရသည်ဆိုကာ ညီလာခံပထမနေ့အပြီးတွင် ဌာနေသို့ ပြန်သွားခဲ့ကြသည်။ ထိုသို့အကြောင်းပြသည့်တိုင် အနိမ့်ဆုံးအားဖြင့် NCA အပေါ် အဆိုးအကောင်းရောထွေးသော အမြင်နှစ်ခုဖြစ်နေခြင်းကို များစွာထင်ဟပ်သည်။ ၎င်းတို့ကလည်း အဆင့်နိမ့်ကိုယ်စားလှယ်အဖွဲ့ကိုသာ စေလွှတ်ခဲ့ခြင်းဖြစ်သည်။[25] အဆိုပါကိစ္စရပ်များအနက်မှအချို့သည် ညီလာခံ ကြိုတင်ပြင်ဆင်ချိန် မလုံလောက်မှုကြောင့် ဖြစ်ပေါ်ခဲ့သော်လည်း အခြားကိစ္စများမှာမူ အစိုးရ၏ စီစဉ်ပုံချဉ်းကပ်နည်းလမ်းကြောင့် ရည်ရွယ်ချက်ရှိရှိထွက်ပေါ်လာသော ရလဒ်များဖြစ်ပုံရသည်။

## IV. ကြီးမားသော စိန်ခေါ်မှုများ ကျန်ရှိနေခြင်း

ထိုကဲ့သို့သော ၂၁ ပင်လုံငြိမ်းချမ်းရေးညီလာခံကို ခြောက်လလျှင်တစ်ကြိမ်ကျင်းပသွားရန် စီစဉ်ထားသည်ဟု အစိုးရက ပြောကြားထားသည်။[26] ယင်းသို့စီစဉ်မှုသည် လွန်စွာအငြင်းအခုန်ဖြစ်နေသော ကိစ္စရပ်များတွင် သဘောထားအမျိုးမျိုးကွဲနေသော သက်ဆိုင်ရာပါဝင်ပတ်သက်နေသူများ၏ သဘောတူလက်ခံမှုကို ရယူရမည့် နောက်ဆုံးရက်သတ်မှတ်လိုက်သလိုဖြစ်ရသည်။ လာမည့် ညီလာခံမတိုင်မီ သဘောတူညီမှု ရထားရမည့် ပဏာမကိစ္စရပ်များတွင် စိန်ခေါ်မှုများရှိနေရာ အနာဂတ် နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်ရမည့်အကြောင်းအရာနှင့် နိုင်ငံရေး၊ လုံခြုံရေးဆိုင်ရာအခြေအနေ အစရှိသော ကိစ္စရပ်များပါဝင်သည်။

[25] UWSP ကိုယ်စားလှယ်အဖွဲ့သည် အစိုးရတည်းခိုဆောင်တွင် မတည်းပဲ ဟိုတယ်တွင် သီးသန့်တည်းခိုခဲ့သည်။ လေဆိပ်တွင် လာရောက်ကြိုဆိုခြင်းမရှိသောကြောင့် ညီလာခံဝင်ခွင့်ကဒ်မှုရင်းကိုမရပဲ တာဝန်ရှိသူများ စီစဉ်ပေးသော လေ့လာသူကဒ်ပြားဖြင့် ညီလာခံတက်ရောက်ခဲ့သည်။ နောက်တစ်ရက် ဆက်လက်တက်ရောက်ခွင့်မရှိသော ယင်းကဒ်ပြားကြောင့် လုံခြုံရေးက တားမြစ်ခဲ့ရာ တာဝန်ရှိသူများ ဖြေရှင်းမပေးနိုင်မီ ပြန်လည်ထွက်ခွါသွားခဲ့ကြသည်။ စီစဉ်ရေးကော်မတီဝင်နှင့် Crisis Group အင်တာဗျူး၊ ရန်ကုန် စက်တင်ဘာ ၂၀၁၆။
[26] ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံကို ခြောက်လတစ်ကြိမ် ကျင်းပသွားမည်၊ နိုင်ငံတော်အတိုင်ပင်ခံရုံးကြေညာချက်၊ ၁၅ ဩဂုတ် ၂၀၁၆။

## A. *လာမည့်ညီလာခံအတွက် ကြိုတင်ပြင်ဆင်မှုများ*

မကြာသေးမီကညီလာခံတွင် လက်နက်ကိုင်အုပ်စုများ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်လာခြင်းသည် အောက်ပါ အချက်သုံးချက်နှင့် ဆက်နွယ်နေသည် -

- ရွေးကောက်ပွဲတွင် တိုင်းရင်းသားဒေသများအပါအဝင်နိုင်ငံအနှံ့၌ သောင်ပြိုကမ်းပြိုအနိုင်ရရှိထားသည့်အပြင် ခိုင်မာသော နိုင်ငံတကာထောက်ခံမှုကို ရရှိထား သည့် ဒေါ်အောင်ဆန်းစုကြည်သည် ကြီးမားသော နိုင်ငံရေးအရ အသုံးချနိုင် သည့် အားသာချက်နှင့် တရားဝင်မှုကို ရရှိပိုင်ဆိုင်ထားသည်။ လက်နက်ကိုင်အုပ်စုခေါင်းဆောင်အများစုသည် ယခင်ကဲ့သို့မဟုတ်ပဲ မဖြစ်မနေတက်ရောက်ရမည်ဟု နိုင်ငံရေးအရ တွန်းအားပေးနေသည်ဟု ခံစားနေကြရသည်။ ၎င်းကို ပိုမိုခိုင်မာအောင် အားဖြည့်ပေးသည့်အချက်မှာ ညီလာခံကို တပ်မတော်က ထောက်ခံအားပေးခြင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အစိုးရနှင့် တပ်မတော်၏ အမြင်များတူညီမှုရှိခြင်းတို့သည်လည်း ပါဝင်သည်။ တရုတ်နိုင်ငံ၏ ကျောထောက်နောက်ခံပြုမှုသည်လည်း အရေးပါလှသည်။ ထိုအရာများပေါင်းစည်းမှုသည် ဒေါ်အောင်ဆန်းစုကြည်အား ယခင်အစိုးရထက် များစွာကြီးမားသော အားသာချက်များကို ရရှိစေသည်။ ယခင်အစိုးရသည် စစ်တပ်ကျောထောက်နောက်ခံပြုမှုကို ရရှိသော်လည်း တရားဝင်မှုမရှိသည့်အပြင် တရုတ်နိုင်ငံ၏ ကျောထောက်ခံပြုမှုမှုကိုလည်းမရရှိပေ။ အမှန်ပင်။ တခါတရံဖျက်လိုဖျက်ဆီးလုပ်မှုပင်ရှိသည်။ (ဤအချက်သည် အစိုးရ/တပ်မတော်နှင့် လက်နက်ကိုင်အုပ်စုများအကြား အာဏာအချိုးမညီမှုကို ပိုမိုသိရှိအောင် ပြသလိုက်သလိုဖြစ်ကာ လက်နက်ကိုင်အုပ်စုများကို စိုးရိမ်မှုဖြစ်စေသည်။)
- ခက်ခဲသောကိစ္စရပ်များနှင့်ပတ်သက်သော ဆုံးဖြတ်ချက်များကို ညီလာခံပြီးသည့်တိုင်အောင် ရွှေ့ဆိုင်းထားသည်။ အထူးသဖြင့် နိုင်ငံရေးဆွေးနွေးပွဲအတွက် မူဘောင်ပြန်လည်သုံးသပ်ရန်နှင့်ပတ်သက်သည့် ဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်လျက်ရှိပြီး မည်သည့်ခေါင်းစဉ်များ ပါဝင်ရမည်၊ ၂၁ ပင်လုံညီလာခံသို့ ထည့်သွင်းရမည့် အမျိုးသားအဆင့်တွေ့ဆုံဆွေးနွေးမှုများကို မည်သို့ပြုလုပ်ရမည်စသည့်ကိစ္စများတွင် သဘောတူညီမှု မရသေးပေ။ စက်တင်ဘာလက ကျင်းပသော မူဘောင်ပြန်လည်သုံးသပ်ရေး အစည်းအဝေးသို့ တက်ရောက်ရန် လက်မှတ်မထိုးသောအုပ်စုများက ငြင်းပယ်ခဲ့ကြသည်။[27]

[27] UPDJC ကော်မတီဝင်များနှင့် Crisis Group အင်တာဗျူး၊ ရန်ကုန် စက်တင်ဘာ ၂၀၁၆။

- အရေးကြီးဆုံးမှာ လုပ်ငန်းစဉ်တွင်ပါဝင်ရန်အတွက် NCA ကို လက်နက်ကိုင်အုပ်စုများ လက်မှတ်ထိုးရမည်ဟူသော လိုအပ်ချက်ကို လိုက်နာရမည့် စည်းမျဉ်း အဖြစ်သတ်မှတ်ထားခြင်းတော့မဟုတ်ပေ။ ၎င်းမှာဖြစ်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းများမပါဝင်ပဲ ညီလာခံကို သင်္ကေတမြောက် စတင်ခဲ့ပြီးဖြစ်သောကြောင့်ဖြစ်သည်။ သို့သော် နိုင်ငံရေးဆွေးနွေးပွဲတွင် ပါဝင်လိုသော လက်နက်ကိုင်အုပ်စုများသည် NCA ကို ဦးစွာလက်မှတ်ထိုးရမည်ဆိုသည်မှာ တပ်မတော်၏ မပြောင်းလဲသည့် တောင်းဆိုမှုဖြစ်သည့်အပြင် အစိုးရ ၏ ခိုင်မာသောမူဝါဒ ဖြစ်နေဆဲဖြစ်သည်။ ညီလာခံအဖွင့် မိန့်ခွန်းတွင် NCA ကို အဓိကဦးစားပေးပြောဆိုသွားသော ဒေါ်အောင်ဆန်းစုကြည်နှင့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့က ထိုအချက်ကို ပိုမိုခိုင်မာစေသည်။[28]

ညီလာခံအတွက် အချိန်သတ်မှတ်ချက်မှာ လုပ်ရကိုင်ရ အလွန်ကြပ်ပါသည်။ လာမည့် ညီလာခံသည် ဖေဖော်ဝါရီလတွင် ကျရောက်ပြီး ၁၉၄၇ ဖေဖော်ဝါရီလ ၁၂ ရက်တွင် ပင်လုံစာချုပ်လက်မှတ်ထိုးခဲ့သော အထိမ်းအမှတ်ဖြစ်သည့် အကြိမ် ၇၀ မြောက် ပြည်ထောင်စုနေ့နှင့်လည်း တိုက်ဆိုင်နေသည်။ နောက်တစ်ကြိမ် ညီလာခံမတိုင်မီ လက်မှတ်မထိုးသောအုပ်စုများ NCA ကို လက်မှတ်ထိုးစေရန် ညှိနှိုင်းမှုများနှင့် နိုင်ငံရေးဆွေးနွေးပွဲအတွက် သုံးသပ်ပြင်ဆင်ထားသော မူဘောင်အပေါ် သဘောတူညီမှုလိုအပ်ပြီး (အောက်တိုဘာလကုန်တွင် ရည်မှန်းထားပြီး) တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုစီတွင် အမျိုးသားအဆင့်ဆွေးနွေးပွဲများကျင်းပရန်ရှိပါသည်။ အဆိုပါအဆင့်အားလုံးသည် ခက်ခဲမည်၊ အချိန်ကုန်မည် သို့မဟုတ် ခက်လည်းခက်၊ အချိန်လည်းကုန်ဖြစ်နိုင်သည်။ တိတိပပဆိုရလျှင် ကျန်ရှိသော အုပ်စုများကို NCA အားလက်မှတ်ထိုးစေရေးကိစ္စတွင်ဖြစ်သည်။ အကြီးဆုံးလက်နက်ကိုင်အုပ်စု ဖြစ်သော UWSA သည် NCA တွင် ခွင့်ပြုထားသမျှထက် များစွာပိုမိုသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်နယ်မြေ အဆင့်ကို မူလကတည်းက အလိုအလျောက်ရရှိထားသောကြောင့် လက်မှတ်ထိုးရန် တွန့်ဆုတ်လျက်ရှိသည်။ ၎င်း၏ အနီးကပ်မဟာမိတ်ဖြစ်သော NDAA မိုင်းလားအဖွဲ့သည်လည်း UWSA ဦးဆောင်ရာနောက်သို့ လိုက်ပါဆောင်ရွက်မည့်ပုံရှိသည်။

UNFC အဖွဲ့ထဲမှ အုပ်စု ၇ စု (နောက်ဆက်တွဲ ခ တွင်ကြည့်) အထူးသဖြင့် ပိုကြီးသောအုပ်စုများသည် နှစ်ပေါင်းများစွာ ပဋိပက္ခဖြစ်ပွားစေခဲ့သော မျှတမှုမရှိဟု ခံစားရသည်များ၊ အခြေခံအားဖြင့် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်နှင့် တန်းတူညီမျှမှုမရှိခြင်းတို့နှင့်ပတ်သက်ပြီး နိုင်ငံရေးအရ အဖြေရှာလိုသော ဆန္ဒရှိကြသည်။ လက်ရှိအခိုက်အတန့်သည် ၎င်းတို့ ရဘူးသမျှအနက် အကောင်းဆုံးအခွင့်အလမ်းဖြစ်ကြောင်း အသိအမှတ်ပြုကြ

[28] Global New Light of Myanmar တွင် ပြန်လည်ဖော်ပြ၊ ၁-၂ စက်တင်ဘာ ၂၀၁၆။

သော်လည်း AA ၊ TNLA နှင့် MNDAA တို့ သုံးဖွဲ့မပါဝင်ခြင်းကြောင့် NCA သည် ၎င်းတို့အတွက် နိုင်ငံရေးအရ ပြဿနာဖြစ်နေပြီး အပစ်အခတ်ရပ်စဲရန်ကလည်း စစ်ရေးအရ လက်တွေ့မဖြစ်နိုင်အောင် ပြုလုပ်ထားသကဲ့သို့ဖြစ်နေသည်။ ၎င်းတို့အနေနှင့် လက်မှတ်ထိုးရန် မျက်နှာမပျက်ရုံ သဘောမဟုတ်သည့်တိုင် မည်သည့်လိုက်လျောမှုကိုမှ ကမ်းလှမ်းခံရခြင်းမရှိသေးပေ။[29] လက်နက်ကိုင်အုပ်စုများ၏ စိုးရိမ်မှုများကို အပြည့်အဝ သိရှိနားလည်ခြင်းမရှိပဲ အစိုးရက တဖက်သတ်မောင်းနှင်နေသည်ဟု ၎င်းတို့ ရှုမြင်သော လုပ်ငန်းစဉ်တွင် ပါဝင်ရန်ဟူသော အကြောင်းရင်းတစ်ခုတည်းအတွက်မူ လက်မှတ်ထိုးရန် လိုလားကြလိမ့်မည်မဟုတ်ပေ။ စစ်မှန်ခြင်းသဘောမပါဝင်သည့် အစိုးရသတ်မှတ်သော အချိန်ဇယားကို သဘောတူလိုက်ခြင်းသည် နောက်လာမည့် နိုင်ငံရေးဖြေရှင်းချက်မှန်သမျှကို တဖက်သတ်ချမှတ်ခံရမည့်ပုံစံအတွက် နမူနာသဘောဖြစ်လာမည်ကို ၎င်းတို့က စိုးရိမ်ပူပန်နေကြသည်။

UNFC အဖွဲ့ဝင်အချို့က KNU ကွန်ဂရက်ညီလာခံကျင်းပမည့် နိုဝင်ဘာလ အထိ အဓိကဆုံးဖြတ်ချက်များကို ရွှေ့ဆိုင်းထားလိုကြသည်။[30] အကယ်၍ KNU တွင် သဘောထားတင်းမာသော ခေါင်းဆောင်များ တက်လာပါက UNFC အဖွဲ့သို့ ပြန်လည်ပူးပေါင်းရန် လမ်းပွင့်သွားကာ UNFC ၏ ပါဝါနှင့် အလျှော့အတင်းညှိနိုင် သော အနေအထားကို တိုးမြှင့်ပေးနိုင်မည်ဟု ၎င်းတို့က ယုံကြည်နေကြသည်။ သို့ရာ တွင် UNFC အနေနှင့် လုပ်ငန်းစဉ်ကို အချိန်ဆွဲရန် ကြိုးစားလွန်းပါက ဘေးဖယ်ခံရနိုင်သည့်အန္တရာယ်ရှိပြီး ဥပမာအားဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အစီအစဉ်ကို သတ်မှတ်ရာတွင် အစိုးရနှင့် နိုင်ငံရေးပါတီများက ပိုမိုနိုင်မာစွာ နေရာရလာကာ အမျိုးသားအဆင့် တွေ့ဆုံဆွေးနွေးမှုတွင် UNFC ပါဝင်ရန် အကြုံးမဝင်တော့သည့် အဖြစ်မျိုးကို ကြုံတွေ့ရနိုင်သည်။[31]

တပ်မတော်နှင့် နှစ်ဦးနှစ်ဖက် အပစ်အခတ်ရပ်စဲထားခြင်းမရှိသော AA ၊ TNLA နှင့် MNDAA သုံးဖွဲ့၏ကိစ္စမှာ ပို၍ပင်ခက်ခဲလာနိုင်သည်။ လာမည့်ညီလာခံတွင် ၎င်း

[29] အထူးသဖြင့် UNFC က NCA ပြင်ဆင်ရေး၊ ဖြည့်စွက်ရေးအတွက် အချက် ၈ ချက် အဆိုပြုလွှာကို တင်ပြခဲ့သည်။ NCA ကို ယခင်သမ္မတ၊ ကာကွယ်ရေးဦးစီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌများနှင့် လက်နက်ကိုင်အုပ်စု ရှစ်ဖွဲ့တို့ လက်မှတ်ထိုးထားပြီး လွှတ်တော်တွင် အတည်ပြုထားသောကြောင့် အစိုးရအနေနှင့် လက်ခံရန် အလွန်ခက်ခဲနေသည်။ ထို့အပြင် အချို့အဆိုပြုချက်များမှာလည်း အလွန်ခက်ခဲမှုရှိသည်။ သို့သော်အလျှော့အတင်း လုပ်၍ရနိုင်သည်။ စိုင်းဝန်းဆိုင်၏ "နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုအတွက်မူဘောင်၊ UNFC သပိတ်မှောက်မှုသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ယိုယွင်းစေနိုင်" ရှမ်းသံတော်ဆင့်သတင်း၊ ၂၁ စက်တင်ဘာ ၂၀၁၆။

[30] လက်နက်ကိုင်အုပ်စု အကြီးတန်းခေါင်းဆောင်များနှင့် Crisis Group အင်တာဗျူး၊ ရန်ကုန် စက်တင်ဘာ ၂၀၁၆။

[31] လက်နက်ကိုင်အုပ်စု ခေါင်းဆောင်များ၊ အစိုးရငြိမ်းချမ်းရေးကော်မတီဝင်များ၊ သရုပ်ခွဲလေ့လာသူများနှင့် Crisis Group အင်တာဗျူး၊ ရန်ကုန် ဇူလိုင်-အောက်တိုဘာ ၂၀၁၆။

တို့ပါဝင်ရေးမှာ အနိမ့်ဆုံးအားဖြင့် အကြမ်းဖက်မှုကို မူအားဖြင့် စွန့်လွှတ်ကြောင်း ကြေညာရန်အတွက် သဘောတူညီမှုရရှိရန်လိုအပ်သည်။ သို့တိုင်အောင် လေ့လာသူအဖြစ်သာ တက်ရောက်နိုင်ဖွယ်ရှိသည်။ ပြီးခဲ့သည့်ညီလာခံတွင် ငြင်းပယ်ခဲ့ သော ၎င်းတို့အနေနှင့် လာမည့်ညီလာခံမတိုင်မီ လက်နက် စွန့်၊ မစွန့် ကို သဲကွဲစွာ မသိနိုင်ပါ။ TNLA က ၂၁ ပင်လုံညီလာခံသို့ ပေးပို့သော အိတ်ဖွင့်ပေးစာတွင် "မည် သည့်အချိန်၊ မည်သည့်အခြေအနေတွင်မဆို လက်နက်စွန့်ခြင်း၊ လက်နက်ချခြင်းကို လုံးဝပြုလုပ်မည်မဟုတ်" ဟုဖော်ပြခဲ့သည်။[32] ဤကိစ္စသည် အားလုံးပါဝင်ရေးကိစ္စအတွက်သာမဟုတ်ပဲ လက်တွေ့မြေပြင်တွင်လည်း အကျိုးဆက်များရှိလာမည်ဖြစ်သည်။ ထိုအုပ်စုများသည် UWSP နှင့် KIO တို့ဖြင့် မဟာမိတ်ဖွဲ့ထားမည်သာမက ပံ့ပိုးမှုအတိုင်းအတာအမျိုးမျိုးလည်းရှိထားပြီးဖြစ်ရာ ၎င်းတို့အချင်းချင်း အတူတကွ ပူးပေါင်းကင်းလှည့်ခြင်း၊ တစ်ခါတစ်ရံ KIO, SSPP တို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည့် အနေအထားများရှိကြသည်။ အုပ်စုအားလုံးသည် နယ်မြေချင်းကပ်လျက်ဖြစ်စေ၊ ထပ်နေသော နယ်မြေတွင်ဖြစ်စေ လှုပ်ရှားနေကြရာ အပစ်အခတ်ရပ်စဲခြင်း မပြုသော အုပ်စုသုံးဖွဲ့မပါဝင်ပဲ အပစ်အခတ်ရပ်စဲမှုမှန်သမျှ ရေရှည်ထိန်းထားနိုင်ရန်မှာ စိတ်ကူးကြည့်ရန်ပင် ခက်ခဲလှသည်။[33]

လာမည့်ငြိမ်းချမ်းရေးညီလာခံမတိုင်မီ လုပ်ထုံးလုပ်နည်းနှင့် စေ့စပ်ညှိနှိုင်းမှုများစွာ လုပ်ဆောင်ရန် လိုအပ်သည်။ အမွေဆက်ခံရသော စိန်ခေါ်မှုများအပြင် ငြိမ်းချမ်းရေးကို ဖွဲ့စည်းတည်ဆောက်ထားပုံတွင်လည်း စွမ်းဆောင်ရည် အကန့်အသတ်နှင့်သာရှိနေသည်။ ညှိနှိုင်းရေးအတွက် တာဝန်ခံဦးဆောင်သူ ဒေါက်တာတင်မျိုးဝင်းသည် ပြင်းပြင်းထန်ထန်ကြိုးစားအားထုတ်မှုရှိသော်လည်း လုပ်ငန်းစဉ်အတွက် အကြီးအကဲမရှိသည့်အပြင် ဒေါ်အောင်ဆန်းစုကြည်အတွက် ကျန်းမာရေးတာဝန်ယူထားရခြင်း၊ ပရဟိတဆေးရုံတွင်လည်း ခွဲစိတ်ဆရာဝန်အဖြစ်ဆက်လက်လုပ်ဆောင်နေခြင်းများရှိသည်။ ယခင်က ဝန်ထမ်း ၁၂၀ ခန့်ဖြင့် လည်ပတ်ခဲ့သော MPC ကို အသွင်ပြောင်းလဲထားသည့် NRPC သည် နေ့စဉ်လုပ်ငန်းတာဝန်များကို ဝန်ထမ်းလက်တစ်ဆုပ်စာဖြင့် လုပ်ကိုင်နေရသည်။ (ယခင်က MPC သည် အနည်းဆုံးစီမံခန့်ခွဲမှုတွင် လွတ်လပ်မှုရှိသည့် လွတ်လပ်သောအဖွဲ့ဆန်ဆန်ရှိခဲ့သည်) ယခု NRPC ကို ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံတော်အတိုင်ပင်ခံရုံး၏ လက်အောက်ရှိ အစိုးရဌာနတစ်ခုအဖြစ် ဖွဲ့စည်းခဲ့ရာ အစိုးရဝန်ထမ်းစည်းမျဉ်းများနှင့် အစိုးရဘတ်ဂျက်စည်းမျဉ်းများကို လိုက်နာရတော့မည်ဖြစ်သည်။ ထို့ကြောင့် ဖွဲ့စည်းပုံတိုးမြှင့်မည်ဆိုပါက သိသိသာသာ အချိန်ယူရတော့မည်

[32] ၂၁ ပင်လုံညီလာခံသို့ TNLA ၏ အိတ်ဖွင့်ပေးစာ၊ ၃၁ ဩဂုတ် ၂၀၁၆။
[33] "Military confrontation or political dialogue: Consequences of the Kokang crisis for peace and democracy in Myanmar", Transnational Institute, July 2015 ကိုကြည့်။

ဖြစ်ပြီး ပြင်ပကျွမ်းကျင်ပညာရှင်များကို ခေါ်ယူရာတွင်လည်း ခက်ခဲသွားမည်ဖြစ်သည်။[34] သို့ဖြစ်ရာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်နေသူများကိုပံ့ပိုးရန် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်ချို့တဲ့မှုမှာ စိုးရိမ်စရာဖြစ်နေပြီး လက်နက်ကိုင်အုပ်စုများသည်လည်း ပံ့ပိုးမှုစွမ်းဆောင်ရည် အနည်းအကျဉ်းသာ ရှိကြသည်။

## B. *ပါဝင်မည့် အကြောင်းအရာများအပေါ် မေးခွန်းများ*

ယခုအခါတွင် NCA တွင် ချမှတ်ထားသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို လုပ်ဆောင်ချက်နှစ်ခုဖြင့် သင်္ကေတမြောက် စတင်ဖော်ဆောင်ခဲ့ပြီးဖြစ်သည်။ ၎င်းတို့မှာ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလက ပြုလုပ်သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံနှင့် ဩဂုတ်လက ပြုလုပ်သော ၂၁ ရာစုပင်လုံညီလာခံတို့ဖြစ်သည်။ နောက်ထပ်ပြုလုပ်မည့် ညီလာခံတွင် အရေးကြီးသောကိစ္စရပ်များကို စတင်ကိုင်တွယ်ကြလိမ့်မည်ဖြစ်သည်။ ပြန်လည်ညှိနှိုင်းသဘောတူထားသော နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ကို သဘောတူညီမှုရနိုင်မည်ဟုလည်းကောင်း၊ NCA ကို လက်မှတ်ထိုးသူများ ထပ်မံထွက်ပေါ်လာခြင်းဖြင့် ဖြစ်နိုင်သော အားလုံးပါဝင်မှုတစ်ခုကို ရရှိနိုင်လိမ့်မည်ဟုလည်းကောင်း ယူဆရပြီး တက်ရောက်မည့်သူများကလည်း တကယ့်အကြောင်းအရာအပေါ်တွင် သဘောတူညီမှုရအောင် စတင်ရုန်းကန်ကြရန် လိုအပ်လိမ့်မည်ဖြစ်သည်။ ၎င်းမှာ လွန်စွာစိန်ခေါ်မှုရှိလိမ့်မည်ဆိုသည်နှင့် ပြည့်ပြည့်စုံစုံပါဝင်သော ငြိမ်းချမ်းရေးသဘောတူညီချက်မရမီ နှစ်များစွာ ကြာကောင်းကြာနိုင်သည်ဟု အားလုံးက သဘောတူထားကြသည်။ ဤနေရာတွင် သော့ချက်ကျသော မေးခွန်းများထွက်ပေါ်လာပါသည် -

- *ညှိနှိုင်းသဘောတူထားသည့် ဖက်ဒရယ်စနစ်ဟူသော အဖြေရရန်ဖြစ်နိုင်သလား။* ၎င်းမှာ လက်နက်ကိုင်အဖွဲ့များနှင့် တိုင်းရင်းသားခေါင်းဆောင်များ၏ အဓိကတောင်းဆိုမှုပင်ဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်ကလည်း "မိမိတို့၏ အိပ်မက်ဖြစ်သော ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စု" ကို အောင်မြင်စွာ ထွက်ပေါ်လာရန် ခိုင်မာစွာ ကတိပြုထားပြီးဖြစ်သည်။ တပ်မတော်သည် ပိုမိုသတိထားလျက်ရှိသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် သူ၏ ၂၁ ရာစုပင်လုံညီလာခံအဖွင့်မိန့်ခွန်းတွင် "ဖက်ဒရယ်" ဟူသော စကားရပ်ကို အသုံးမပြုပဲ "ငြိမ်းချမ်းရေးနှင့် စည်းလုံးညီညွတ်ရေး" ကိုသာ အလေးပေးပြောကြားခဲ့ကာ လက်နက်စွဲကိုင်မှုများသည် ဒီမို

[34] တိုက်ရိုက်သိရှိသူများနှင့် Crisis Group အင်တာဗျူး၊ ရန်ကုန် ဇွန်-စက်တင်ဘာ ၂၀၁၆။ အလှူရှင်ပေါင်းစုံ စုစည်းထားသော Joint Peace Fund အဖွဲ့သည် အရေးကြီးသည့်ရင်းမြစ်များကို ထောက်ပံ့ဖြည့်ဆည်းပေးနိုင်သော အစီအစဉ်ဖြစ်သော်လည်း NPRC ၏ လိုက်နာရမည့် ဌာနဆိုင်ရာကန့်သတ်ချက်စည်းမျဉ်းများကို ကျော်လွန်လုပ်ဆောင်၍ မရနိုင်ပေ။

ကရေစီနှင့် လိုက်လျောညီမှုမရှိကြောင်း ပြောကြားခဲ့သည်။ သို့သော် တပ်မတော်သည် ဖက်ဒရယ်စနစ်ကို ငြင်းပယ်ခြင်းမပြုပေ။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် NCA ကို လက်မှတ်ရေးထိုးခဲ့ရာ NCA တွင် ပထမဆုံးဖော်ပြသော အချက်မှာ "ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်၏ မူများကိုအခြေခံသော ပြည်ထောင်စုတစ်ခု" တည်ဆောက်ရန်ဟူ၍ဖြစ်သည်။ ထို့အပြင် တပ်မတော်၏ အကြီးတန်းအရာရှိများကလည်း ၂၁ ရာစုပင်လုံညီလာခံတွင် ဖက်ဒရယ်ဆိုသော စကားရပ်ကို အသုံးပြုနေကြသည်။[35] လက်နက်ကိုင်အဖွဲ့များ လက်နက်စွန့်ရေးအတွက် ဖက်ဒရယ်စနစ်ကို အလဲအလှယ်အနေဖြင့် ညှိနှိုင်းရန်မှာ အလားအလာရှိသော ညှိနှိုင်းမှုဖြစ်လိမ့်မည်။ သို့သော်လည်း လက်နက်ကိုင်အုပ်စုအရေအတွက်နှင့် ၎င်းတို့၏ မတူသောအကျိုးစီးပွားများကလည်း ရှိနေကာ တပ်မတော်နှင့် အစိုးရတို့က ခွဲဝေပေးမည့် အာဏာအတိုင်းအတာမှာလည်း ရှင်းလင်းမှုမရှိသေးသည့်အချိန်တွင် ညှိနှိုင်းရန်မှာ ရှုတ်ထွေးမှုရှိနိုင်သည်။ ထို့အပြင် လက်နက်ကိုင်ပြည်သူ့စစ်အဖွဲ့ပေါင်းရာချီ၍ ရှိနေပြန်ကာ ထိုအထဲမှအချို့မှာ တိုင်းရင်းသားအခြေပြု အမျိုးသားရေးဝါဒီအနေဖြင့် ရပ်တည်နေကြသော်လည်း မူလက ၎င်းတို့သည် စီးပွားရေးလုပ်ကိုင်ကြသူများဖြစ်ကြသည်။[36]

- ❑ *လူနည်းစုအတွင်းမှ လူနည်းစုများ၏ အရေးကိစ္စများရော နေရာပေးခံရနိုင်သလား။* ကိစ္စရပ်များအတွင်းမှ ပို၍ခက်ခဲဖွယ်ရှိသည့်ကိစ္စမှာ ၎င်းတို့၏ အနေအထားဖြစ်သည်။ ဖက်ဒရယ်စနစ်အနေဖြင့် လက်ခံထားသည်မှာ ပထဝီအနေအထားအရ လက်ရှိတိုင်းရင်းသားပြည်နယ်ခုနစ်ခုကို အာဏာများခွဲဝေပေးရန်ဖြစ်သည်။[37] ဤ အချက်ကြောင့် အဆိုပါပြည်နယ်များအတွင်းမှ ပို၍သေးငယ်သော လူနည်းစုအုပ်စုများအတွက် အချက်ပေးခေါင်းလောင်းထိုးလိုက်သလိုဖြစ်လာခဲ့သည်။ ၎င်းတို့အနေဖြင့် စိုးရိမ်လာသည်မှာ ယခင်နေပြည်တော်က သူတို့အပေါ် နိုင်ငံရေးအရ လွှမ်းမိုး နေရာမှ ၎င်းတို့အသီးသီး၏ ပြည်နယ်များက အစားထိုးနေရာယူ၍ ဆက်လက်လွှမ်းမိုးနေဦးမည် ဆိုသည့်ကိစ္စဖြစ်သည်။ ဤစိုးရိမ်သည့် ကိစ္စကို ၂၁ ရာစု ပင်လုံညီလာခံတွင် ပြောကြားကြသော မိန့်ခွန်းများတွင် ရှင်းလင်းစွာ တွေ့မြင်နိုင်သည်။ ဝ၊ တအောင်းနှင့် ပအိုးဝ် (၎င်းတို့သည် ရှမ်းပြည်နယ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရရှိနေသည်) တို့အပြင် ရှမ်းနီ (၎င်းတို့သည် ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း

[35] ၂၁ ရာစုပင်လုံတွင် ဒေါ်အောင်ဆန်းစုကြည်၏ အဖွင့်မိန့်ခွန်း၊ ၂၀၁၆ ဩဂုတ်လ ၃၁ ရက်။ JMC ဥက္ကဋ္ဌ ဒုဗိုလ်ချုပ်ကြီးရာပြည့်၏ ၂၁ ရာစုပင်လုံမိန့်ခွန်း NCA ပုဒ်မ ၁ (က)။ "21st Century Panglong commences in Nay Pyi Taw", *Global New Light of Myanmar*, 1 September 2016.

[36] အသေးစိတ်ကို John Buchanan, "Militias in Myanmar", The Asia Foundation, July 2016. ကြည့်။

[37] ချင်း၊ ကချင်၊ ကယား၊ ကရင်၊ မွန်၊ ရခိုင်နှင့် ရှမ်း။

တို့တွင် ရှိကြသော်လည်း ၎င်းတို့အတွက် နယ်နမိတ် သတ်မှတ်ထားခြင်းမရှိ) တို့က ပြည်နယ်အသစ်များ သီးသန့်စီတောင်းဆိုကြသည်။ အခြားအုပ်စုများကလည်း တောင်းဆိုလာနိုင်သည့် အလားအလာများကို တွေ့ရနိုင်သည်ဟု ခန့်မှန်းနိုင်ပါသည်။[38] ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့မှ နိုင်ငံရေးခေါင်းဆောင်များနှင့် လက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များကမူ အဆိုပါအဆိုပြုမှုများကို ယေဘုယျသဘောမတူကြပေ။

- ❑ *ညှိနှိုင်းသဘောတူသည့် အဖြေမှန်သမျှကို တရားဝင်သည်ဟုမှတ်ယူ၍ အကောင်အထည်ဖော်နိုင်မလား။* အကယ်၍ လက်ခံနိုင်ဖွယ်ရှိသည့် အားလုံးပါဝင်သော လုပ်ငန်းစဉ်သည် ရှုတ်ထွေးပြီး အရေးကြီးသည့်ကိစ္စရပ်များတွင် အားလုံး၏ သဘောတူညီချက်ရအောင် လုပ်ဆောင်နိုင်သည် ဆိုသည့်တိုင် နယ်မြေအတော်များများသည် လုပ်ငန်းစဉ်တွင် ပါဝင်ခွင့်မရပဲ ခွဲခြားခံထားရသည်ဟု ခံစားနေရသည်များ ရှိနိုင်သည်။ လက်နက်ကိုင်အဖွဲ့ရှိသော လူနည်းစုတိုင်းရင်းသားများ သို့မဟုတ် ရွေးကောက်ပွဲအနိုင်ရသော နိုင်ငံရေးပါတီများသည် အကန့်အသတ်နှင့်သာ ကိုယ်စားပြုခွင့်ရကြသည် (မကြာသေးမီက ဒေါ်အောင်ဆန်းစုကြည်က စတင်ပြောင်းလဲမှု ပြုလုပ်ခဲ့ရာတွင် ၂၀၁၅ ရွေးကောက်ပွဲတွင် အနိုင်မရသော နိုင်ငံရေးပါတီများသည် ငြိမ်းချမ်းရေးညီလာခံတွင် ပါသည်ဆိုရုံမျှနှင့် UPDJC တွင် ကိုယ်စားပြုခွင့်မရပေ)။[39] ပြီးခဲ့သည့် NLD သောင်ပြိုကမ်းပြိုအနိုင်ရသည့် ရွေးကောက်ပွဲတွင် ဩဇာကြီးသည့် တိုင်းရင်းသားနိုင်ငံရေးပါတီများ လုံးဝအနိုင်မရခဲ့ခြင်းကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အသံပြုခွင့်အနည်းဆုံးသာရတော့မည်ဖြစ်သည်။ အချို့သော လူနည်းစုတိုင်းရင်းသားများမှာ လက်နက်ကိုင်အုပ်စုမှတဆင့်လည်း ကိုယ်စားပြုခွင့်မရပေ။ လက်နက်ကိုင်အုပ်စုများအနေဖြင့်လည်း ၎င်းတို့၏ နယ်မြေအတွင်းမှ ရပ်ရွာလူထုကို မည်မျှကိုယ်စားပြုသနည်းဟူသော မေးခွန်းများလည်း ထွက်ပေါ်နိုင်ပါသည်။

ဤနေရာတွင် အလေးအနက်ထားရမည့် သံသယတစ်ခုမှာ ပြည်နယ်အဆင့်အခြေခံသည့် ဖက်ဒရယ်စနစ်အတွက် အဖြေရှာမှုကို လက်နက်ကိုင်အုပ်စုများနှင့် အစိုးရကြားတွင်သာ ညှိနှိုင်းမှုပြုရုံဖြင့် သင့်လျော်နိုင်ပါမည်လားဟူ၍ဖြစ်သည်။ အထူးသဖြင့် ဆိုရလျှင် လုပ်ငန်းစဉ်တွင် အရပ်ဖက်အဖွဲ့အစည်းများ၏ အသံများ၊ အမျိုးသမီးများနှင့် လူငယ်များကလည်း ခွဲခြားဆက်ဆံခံရသည်ဟု ခံစားနေရသည့်

---

38 *Global New Light of Myanmar*, 3 September 2016 ပါ စိုင်းဌေးအောင် (ရှမ်းနီ)၊ ခွန်မြင့်ထွန်း (ပအိုးဝ်)၊ ဦးရန်ကျော် (ဝ) တို့၏ မှတ်ချက်များကြည့်။ TNLA ၏ အိတ်ဖွင့်စာတွင် တအောင်း (ပလောင်) ပြည်နယ်ကို တောင်းဆိုထားသည်။
39 "ကယားနိုင်ငံရေးပါတီများ ပင်လုံညီလာခံသပိတ်မှောက်" Myanmar Times, 22 August 2016.

> အခါမျိုးများတွင်ဖြစ်သည်။[40] လုပ်ငန်းစဉ်ကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် တရားဝင်မှုရှိစေရေးသေချာစေရန် ပြန်လည်ချိန်ညှိမှုတော့ပြုလုပ်သင့်ပါသည်။ ကိုယ်စားပြုမှုတွင် အားကောင်းစွာ တရားဝင်မှုရှိသော ဒေသများတွင်ပင် ထိုဒေသတွင်နေထိုင်သော ပြည်သူအများစုသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အနည်းငယ်သာပူးပေါင်းပါဝင်နိုင်သည်။ ဥပမာ NLD အစိုးရကို ဗမာအုပ်စုအတော်များများ (နှင့် အခြားအုပ်စုများလည်းပါ) က ထောက်ခံသဖြင့် တရားဝင်မှုအားကောင်းခြင်းကို ဆိုလိုသည်။ ထို့အပြင် ထောက်ခံကြသော လူထုအတော်များများကလည်း လူနည်းစုဒေသများသို့ နိုင်ငံရေးအာဏာနှင့် စီးပွားရေးအရ ထိန်းချုပ်မှုအာဏာခွဲဝေပေးမှုကို သဘောမတူခြင်းများရှိနိုင်သည်။ လူနည်းစုရပ်ရွာလူထုသည် NLD ကို မဲပေးခဲ့ကြသည့်တိုင် NLD အပေါ် ၎င်းတို့၏ အကျိုးစီးပွားကို ကိုယ်စားပြုသည်ဟု ရှုမြင်ကြလိမ့်မည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် မဲပေးခဲ့ကြခြင်းသည် တပ်မတော်အုပ်ချုပ်ရေးအပေါ် ဆန္ဒခံယူပွဲကျင်းပသည့် နည်းလမ်းတစ်မျိုးဖြစ်နေခြင်းကြောင့် ဖြစ်သည့်ပြင် တပ်မတော်ကျောထောက်နောက်ခံပြုပါတီကို ဖြုတ်ပစ်ရန် ဆုံးဖြတ်ချက်ကို ထင်ဟပ်ခြင်းသာ ဖြစ်ခြင်းကြောင့်ဖြစ်သည်။[41]

ဒေါ်အောင်ဆန်းစုကြည်က အာရုံပြုသည်မှာ ဖက်ဒရယ်စနစ်နှင့် လုံခြုံရေးကိစ္စရပ်တွင်သာဖြစ်ရာ သူသည်ကနဦးက နိုင်ငံရေးဆွေးနွေးပွဲတွင် ထိုကိစ္စရပ်များကိုသာ တိုက်ရိုက်ဆွေးနွေးကြရန် အဆိုပြုခဲ့သော်လည်း လူနည်းစုများအတွက်မူ ၎င်းတို့နှင့်သက်ဆိုင်သောကိစ္စရပ်များစွာ ရှိနေလိမ့်မည်ဖြစ်သည်။ ၎င်းတို့တွင် ရပိုင်ခွင့်များနှင့် ခွဲခြားဆက်ဆံခံရခြင်းများ၊ ဝင်ငွေခွဲဝေခြင်းများ၊ သဘာဝသယံဇာတစီမံခန့်ခွဲခြင်းများနှင့် ဘာသာစကားနှင့်ဆိုင်သော မူဝါဒများပါဝင်သည်။[42] ယုံကြည်မှုတည်ဆောက်ရေးလုပ်ဆောင်ရာတွင် ပိုမိုလွယ်ကူအောင် အဆိုပါကိစ္စရပ်များကို ဖော်ထုတ်ကိုင်တွယ်မလားသို့မဟုတ် ပို၍အရေးကြီးသော ကိစ္စရပ်များကိုသာ ကိုင်တွယ်ဖြေရှင်းပြီး အထက်ကဖော်ပြခဲ့သော ကိစ္စရပ်များကို ဘေးဖယ်ထားမလား ဆိုသည့်အချက်သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ဖြစ်ပေါ်ပြောင်းလဲမှုအပေါ် ကြီးမားသော သက်ရောက်မှုများ ရှိလိမ့်မည်ဖြစ်သည်။ ၎င်းတို့ကို လစ်လျူရှုပါက မှားလိမ့်မည်ဖြစ်သည်။

---

[40] "CSO များစားပွဲဝိုင်းတွင်ပါဝင်လို" *Myanmar Times*, 26 August 2016 ၊ Alliance for Gender Inclusion in the Peace Process မှ ၂၁ ပင်လုံအပေါ်ကျေညာချက်၊ "No women, no peace: Gender equality, conflict and peace in Myanmar", Transnational Institute, 13 January 2016; "Youth ethnic alliance emerges after summit", *Myanmar Times*, 3 August 2016

[41] တိုင်းရင်းသားဒေသများတွင် ရွေးကောက်ပွဲရလဒ်နှင့် အဓိပ္ပါယ်ကောက်ပုံကို ဆွေးနွေးချက်အား Crisis Group Briefing, *The Myanmar Elections*, op. cit., Section IV.C နှင့် "The 2015 general election in Myanmar: What now for ethnic politics?", Transnational Institute, December 2015 ကြည့်။

[42] အသေးစိတ်ဆွေးနွေးမှုအတွက် Crisis Group Report, *Myanmar: A New Peace Initiative*, op. cit., Section IV. ကြည့်။

### C. *နိုင်ငံရေးနှင့် လုံခြုံရေးဝန်းကျင်အခြေအနေ*

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ၂၀၁၁ ခုနှစ်တွင် စတင်ကတည်းက အရေးပါသော ပြည်တွင်းနှင့် ပြင်ပစိန်ခေါ်မှုများကို ကြုံတွေ့ခဲ့ရသည်။ လက်တွေ့မြေပြင်တွင် ပြင်းထန်သော လက်နက်ကိုင်ရင်ဆိုင်တိုက်ခိုက်မှုများရှိပြီး တရုတ်၏ အခန်းကဏ္ဍကလည်း အထူးသဖြင့်အရေးပါခဲ့ရာ ၎င်းတို့နှစ်ခုသည် အတိုင်းအတာတစ်ခုထိချိတ်ဆက်နေသည်။ မကြာသေးမီနှစ်များအတွင်း အရေးအပါဆုံးသော ပဋိပက္ခဖြစ်ပွားမှုမှာ ၂၀၁၁ ခုနှစ်က KIO နှင့် အပစ်အခတ် ရပ်စဲထားမှု ကျိုးပျက်သွားခဲ့ရခြင်းဖြစ်ပြီး ထိုအတွက် မျိုးစေ့မှာ ၂၀၁၀ ရွေးကောက်ပွဲမတိုင်မီကတည်းကဖြစ်သည်။ တိုက်ပွဲများမှာ ၂၀၁၁ ခုနှစ် ဩဂုတ်လ၌ တရားဝင်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမစတင်ခင်ကလေးတွင်မှ ပြန်လည်ဖြစ်ပွားခဲ့ခြင်းဖြစ်ကာ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် တိုက်ပွဲများပြင်းထန်စွာ မြင့်တက်လာရာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုပင် လမ်းလွဲသွားနိုင်လောက်အောင် ခြိမ်းခြောက်မှုရှိခဲ့သည်။ သို့သော် တိုက်ပွဲများသည် တရုတ်နယ်စပ်သို့ကျော်လာရာ တရုတ်က ကြားဝင်ကာ နှစ်ဖက်စလုံးအား စေ့စပ်ညှိနှိုင်းရေးစားပွဲသို့ပို့ခဲ့သည်။[43] နောက်ထပ်အဓိကကျသော စမ်းသပ်မှုတစ်ခုမှာ ၂၀၁၄ ဧပြီလတွင် ထွက်ပေါ်လာခဲ့ရာ ပြင်းထန်သော တိုက်ပွဲများကြောင့် အရပ်သား ၅၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရခြင်းကြောင့် NCA အတွက် ညှိနှိုင်းနေကြသော အဖွဲ့အားလုံးကြားတွင် ယုံကြည်မှုကို ထိခိုက်စေပါသည်။ ပဋိပက္ခသည် ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် ပိုမိုကြီးထွားလာခဲ့ကာ တပ်မတော်မှ အမြောက်ဆံသည် KIO ဌာနချုပ်မှ စစ်လေ့ကျင့်ရေးသင်တန်းကျောင်းကို တိုက်ခိုက်ခြင်းကြောင့် နှစ်ဖက်ဆွေးနွေးမှုများ ပျက်လုပျက်ခင်အခြေအနေသို့ရောက်ခဲ့ရသည်။ ၂၀၁၅ ခုနှစ်ဖေဖော်ဝါရီလမှစ၍ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အစိုးရတပ်များနှင့် MNDAA တပ်များအကြား တိုက်ပွဲများပြင်းထန်စွာ ဖြစ်ပွားခဲ့ရာ တပ်မတော်အပေါ်ဆန့်ကျင်သည့် ရပ်တည်ချက်များကို ပိုမိုခိုင်မာစေကာ အချို့လက်နက်ကိုင်အုပ်စုများပါ ပါဝင်ဆန့်ကျင်လာခဲ့ခြင်းဖြင့် ထိုအချက်သည် ထိုနှစ်တွင် NCA ကို လက်မှတ်ရေးထိုးရန် ဆန္ဒမရှိကြရခြင်း၏ အကြောင်းပြချက်တစ်ခု ဖြစ်ခဲ့ရသည်။[44]

နယ်စပ်ဒေသများ၏ အစိတ်အပိုင်းအတော်များများတွင် ကျိုးပျက်လွယ်ရှိနေ သော ငြိမ်းချမ်းရေးနှင့် အခြားနေရာအတော်များများတွင် လက်ရှိတိုက်ပွဲများ ဖြစ်ပွားလျက်ရှိရာ (အခန်း II.B တွင် ဖော်ပြထား) ၎င်းတို့သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆက်လက်ရိုက်ခတ်လျက်ရှိသည်။ ပြောင်းလဲရန်မလွယ်ကူသော ၂၁ ရာစု ပင်လုံ ညီလာခံ၏ အချိန်ဇယားကလည်း ဖျက်လိုဖျက်ဆီးလုပ်လိုသူများအတွက် ပစ်မှတ်ထား

---

[43] Crisis Group Asia Briefing N°140, *A Tentative Peace in Myanmar's Kachin Conflict*, 12 June 2013 ကြည့်။
[44] Crisis Group Briefing, *Myanmar's Peace Process*, op. cit., Section II.D.

လာနိုင်သည့် အန္တရာယ်ဖြစ်လာနေကာ ကျေနပ်မှုမရှိသည့် မူဘောင်ကို ပြန်လည်ပြောင်းလဲမှုများလုပ်ဆောင်ရန်အတွက်ကလည်း ခန့်မှန်း၍မရဖြစ်နေချိန်တွင် ပဋိပက္ခအရှိန်မြင့်တက်လာခြင်းကလည်း ရှောင်လွှဲ၍မရဖြစ်လာပါသည်။ တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြောင့် ၎င်းအပေါ်ရှိနေသော အကန့်အသတ်များ မှာမူ ယခင်အစိုးရလက်ထက်ကထက်စာလျှင် အနည်းငယ်ပေါ့သွားသယောင် ခံစားရပါလိမ့်မည်။ ပါဝါချိန်ခွင်လျှာ မညီမှုကလည်းရှိနေနှင့်ပြီးဖြစ်ရာ တပ်မတော်သည် ၎င်း၏ မြေပြင်အားသာချက်ကို အသုံးပြု၍ ဆက်လက်ဖိအားပေးဖွယ်ရှိရာ အထူးသဖြင့် NCA လက်မှတ်မထိုးသည့်အဖွဲ့များအပေါ်တွင်ဖြစ်သည်။ တိတိပပဆိုရလျှင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် နေးကွေးနေလျှင် သို့မဟုတ် ၎င်းက လက်နက်ကိုင်အဖွဲ့များသည် အပြုသဘောမဆောင်ဟု ခံစားရသည့် အခါမျိုးတွင် ဖြစ်သည်။

တရုတ်သည် ၎င်းနှင့်နယ်စပ်ခြင်းထိနေသော ဒေသများမှ အုပ်စုများအပေါ် သိသိသာသာသြဇာလွှမ်းမိုးမှုရှိနှင့်ပြီးဖြစ်ရာ လက်တွေ့မြေပြင်မှ ဖြစ်ပေါ်ပြောင်းလဲနေမှုများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ်တွင် ကြီးမားသော သက်ရောက်မှုများရှိနိုင်ပါသည်။ ၎င်းသည် အပေါင်းလက္ခဏာဆောင်သော ကြားဝင်ဆောင်ရွက်မှုများအပြင် အနုတ်လက္ခဏာဆောင်သော ကြားဝင်ဆောင်ရွက်မှုများကို မှန်မှန်လုပ်ဆောင်လေ့ရှိသည်။ ဦးသိန်းစိန်အစိုးရနှင့် ဆက်ဆံရေးမှာ တခါတရံတင်းမာမှုများရှိတတ်ရာ ၂၀၁၁ ခုနှစ်တွင် မြစ်ဆုံရေလှောင်တမံစီမံကိန်းကို ရပ်ဆိုင်းခဲ့ခြင်းမှ စတင်ခဲ့ပြီး လက်ပံတောင်းတောင်ကြေးနီစီမံကိန်းတွင် အခက်အခဲများရင်ဆိုင်ခဲ့ရသည်။ ထိုနှစ်ခုစလုံးမှာ တရုတ်တို့ ကျောထောက်နောက်ခံပြုသော စီမံကိန်းများဖြစ်သည်။ တရုတ်၏ အဓိကမဟာဗျူဟာအကျိုးစီးပွားဖြစ်သည့် ကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်အတွက် တင်ဒါအောင်မြင်ကြောင်း ကြေညာရန်မှာလည်း အချိန်အတော်ကြာ နှောင့်နှေးခဲ့ရသည်။[45] မြန်မာနိုင်ငံ၏ အမေရိကန်ပြည်ထောင်စုနှင့်ဆက်ဆံရေး သိသိသာသာ တိုးတက်လာခြင်းသည် တရုတ်နိုင်ငံအနေဖြင့် "ရိုးရာလိုဖြစ်နေသော အသာစီးရနေမှု များ" ပျောက်ဆုံးသွားမည်ကို စိုးရိမ်စိတ်ကို ပိုမိုဖြစ်ပေါ်လာစေသည်။[46] ဆက်ဆံရေးမကောင်းရသည့် ကြားတွင် ၂၀၁၅ ခုနှစ်က MNDAA ကို တိုက်ခိုက်ရာတွင် မြန်မာက တရုတ်လေပိုင်နက်အတွင်း ကျူးကျော်ခဲ့ခြင်း၊ တရုတ်နိုင်ငံအတွင်းသို့ ဒုက္ခသည်များ အုံလိုက်ကျင်းလိုက် ပြေးဝင်ခဲ့ကြခြင်း၊ နေပြည်တော်ကလည်း ဂျပန်နှင့် အနောက်ကို ဖိတ်ခေါ်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်ပါဝင်စေခြင်း စသည့် စိတ်အနှောက်အရှက်

[45] Yun Sun, "Aung San Suu Kyi's visit to Beijing: Recalibrating Myanmar's China policy", Transnational Institute, 16 August 2016 ကြည့်။
[46] "China's engagement in Myanmar: From Malacca Dilemma to Transition Dilemma", Transnational Institute, July 2016.

ဖြစ်စရာကိစ္စရပ်များကလည်း တရုတ်ကို NCA အပေါ် အနုတ်လက္ခဏာဆောင်သော ရပ်တည်ချက်ကို ဖြစ်ပေါ်စေသည်။ ထိုအတွက်ကြောင့်ပင် တရုတ်သည် ၂၀၁၅ ခုနှစ်တွင် လက်နက်ကိုင်အုပ်စုများကို NCA လက်မှတ်မထိုးရန် စည်းရုံးပြောဆိုခဲ့ကြောင်း စွပ်စွဲမှုများ အဆက်အပြတ်ထွက်ပေါ်လာသည့် အခြေအနေသို့ ရောက်ခဲ့ရသည်။[47]

အစိုးရသစ်လက်ထက်တွင် အခြေအနေမှာ အရေးပါစွာ ပြောင်းသွားခဲ့သည်။ တရုတ်သည် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးကို ပို၍ဦးစားပေးသည်ဟုခံစားရပြီး ဒေါ်အောင်ဆန်းစုကြည်၏ ငြိမ်းချမ်းရေးခြေလှမ်းစတင်မှုကို ထောက်ခံခဲ့သည်။ ဇူလိုင်လတွင် KIO က လက်ခံကျင်းပသော လက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များ၏ ထိပ်သီးညီလာခံတွင် တရုတ်နိုင်ငံ၏ အထူးကိုယ်စားလှယ်သည် အဖွဲ့အားလုံးအနေဖြင့် ၂၁ ရာစု ပင်လုံညီလာခံကို တက်ရောက်ကြရန် လူသိရှင်ကြား တိုက်တွန်းခဲ့ရာ အချို့သောအဖွဲ့များအပေါ် အောင်မြင်စွာ ဖိအားပေးနိုင်ခဲ့သည်။ တရုတ်သည် JMC ကိုလည်း ရန်ပုံငွေအတွက် ဒေါ်လာသန်းအတော်များများ ထောက်ပံ့ခဲ့သော်လည်း ဆက်ဆံရေးလမ်းကြောင်းအတက်အကျ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်နိုင်သည့် အခွင့်အလမ်းများနှင့် နှစ်ဘယ်လောက်ကြာနိုင်သည်ဆိုသည်တို့နှင့်ပတ်သက်၍ အသေအချာမပြောနိုင်သေးသည့် အခြေအနေတွင်ရှိပါသည်။ ထို့ကြောင့် တရုတ်အနေဖြင့် နေပြည်တော်အပေါ်ထောက်ခံမှုနှင့် ၎င်း၏ နယ်စပ်တွင် ရှိနေသော လက်နက်ကိုင်အုပ်စုနှင့် ဆက်ဆံရေးကို ထိန်းသိမ်းထားမှုကြားတွင် ချိန်ခွင်လျှာကို ဆက်လက်ထိန်းညှိမှု ပြုလုပ်နေဦးမည့်သဘောရှိပါသည်။[48]

## V. သုံးသပ်ချက်

၂၁ ရာစုပင်လုံညီလာခံသည် ရှေ့ဆက်လျှောက်ရမည့် ငြိမ်းချမ်းရေးခရီးအတွက် ဒေါ်အောင်ဆန်းစုကြည်ထံတွင် ရှိနေသော အရေးပါသည့် အားသာချက်များရော၊ သူ့အနေဖြင့် ခက်ခဲစွာကျော်ဖြတ်ရမည့် ကြီးမားသည့် စိန်ခေါ်မှုများကိုပါ အကျဉ်းမျှဖော်ပြခဲ့သည်။ လက်နက်ကိုင်အုပ်စုအတော်များများ တက်ရောက်ခဲ့ကြခြင်းကလည်း ပိုမို၍ အားလုံးပါဝင်လာရန်နှင့် အောင်မြင်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖြစ်ရန်အတွက်

47 မြန်မာ့ငြိမ်းချမ်းရေးဗဟိုဌာနမှ ပုဂ္ဂိုလ်တစ်ဦးက လူသိရှင်ကြားစွပ်စွဲမှုကို တရုတ်က ငြင်းဆိုခဲ့ပြီး နောက်ပိုင်းစွပ်စွဲမှုကို ပြန်လည်ရုတ်သိမ်းသွားခဲ့သည်။ Crisis Group သို့လည်းကောင်း၊ ငြိမ်းချမ်းရေးနှင့်ဆက်နွယ်နေသော အခြားပုဂ္ဂိုလ်များသို့လည်းကောင်း ပုဂ္ဂလိကဆက်သွယ်မှုပြု၍ ငြင်းဆိုခဲ့သည်။ ထိုအချက်ကမှန်သည်ဖြစ်စေ၊ မမှန်သည် ဖြစ်စေ၊ ထိုအချိန်က လက်နက်ကိုင်ခေါင်းဆောင်များနှင့် စကားပြောဆိုချက်များအရ ရှင်းနေသည်မှာ တရုတ်က NCA လက်မှတ်ထိုးရန် ဖိအားပေးခဲ့ခြင်းမရှိဟူသော အချက်ဖြစ်ပြီး အာဏာပိုင်များသိရှိနိုင်လောက်အောင် တရုတ်မှ ပုဂ္ဂလိက ငွေကြေးပံ့ပိုးမှုများပေးခဲ့သည်။ "Fraud probe alleges Chinese firm sent money to Myanmar insurgents", *Frontier Myanmar*, 3 February 2016 ကြည့်။

48 Yun Sun, "Aung San Suu Kyi visit to Beijing", op. cit. Crisis Group က တရုတ်ရေးရာ ကျွမ်းကျင်သူ မြန်မာပညာရှင်နှင့် တွေ့ဆုံမေးမြန်း၊ ၂၀၁၆ စက်တင်ဘာ။

မျှော်လင့်ချက်များပေးသည်။ သို့သော်လည်း ထို့အတွက်ကြောင့် အရေးကြီးသည့် အခြေခံကျသော ပြဿနာများကို ဖြေရှင်းရန် လွယ်ကူလာလိမ့်မည်ဟု စဉ်းစားပါက မှားလိမ့်မည်ဖြစ်သည်။ အုပ်စုအများစုကို NCA လက်မှတ်ထိုးရန်အတွက် နားဝင်လာအောင်ကိုပင် ခက်ခက်ခဲခဲညှိနှိုင်းရလိမ့်မည်ဖြစ်ရာ NCA လက်မှတ်ထိုးရန်မှာ ရှေ့ခရီးအတွက် လိုအပ်ချက်တစ်ခု ဖြစ်ကြောင်း အစိုးရရော တပ်မတော်ကပါ ပြောကြားထားခဲ့ကြပြီးဖြစ်သည်။ ၂၁ ရာစုပင်လုံညီလာခံကို ခြောက်လတစ်ကြိမ်ကျင်းပရန် အချိန်ဇယားအား ကျေညာခဲ့ခြင်းသည် စိတ်ချလက်ချလက်မှတ်ရေးထိုးနိုင်ရန် လိုအပ်သော ပြုလွယ်ပြင်လွယ်ရှိရမည့် အနေအထားကို အစစ်အမှန်မဟုတ်သည့်တိုင် သွား၍ကန့်သတ်လိုက်သလိုဖြစ်ပေသည်။ အစိုးရ၏ ငြိမ်းချမ်းရေးအတွက် ရုံးအဖွဲ့ဖြစ်သည့် NRPC တွင် စွမ်းဆောင်ရည်အားနည်းခြင်းသည် လုပ်ငန်းစဉ်ကို ပို၍ ခက်ခဲစေသည်။

အစိုးရအနေဖြင့် အချိန်ကာလသတ်မှတ်ချက်များတွင် လျှော့နံ့ဒါးထစ်သတ်မှတ်ခြင်းမျိုးနှင့် တဖက်သတ်ချဉ်းကပ်ပုံမျိုးတို့ကို လျှော့၍ကျင့်သုံးသင့်ပြီး လိုအပ်သည့် ပံ့ပိုးမှုများအတွက် စွမ်းဆောင်ရည်ရှိမှုကို သေချာအောင်ဖြည့်ဆီးမည့် ခြေလှမ်းများ အရင်လှမ်းသင့်သည်။ လက်နက်ကိုင်အုပ်စုများဖက်က အသိအမှတ်ပြုရန် လိုအပ်သည့် အချက်မှာ ၎င်းတို့အနေဖြင့် လုပ်ငန်းစဉ်၏ တရားဝင်မှုအပေါ် စိုးရိမ်မှုရှိနေသော်လည်း နိုင်ငံရေးသဘောတူညီချက်အတွက် ယခုထက် ပိုကောင်းမည့် စေ့စပ်ညှိနှိုင်းနိုင်သည့် အခွင့်အလမ်းမျိုး ထပ်ရနိုင်လိမ့်မည်မဟုတ် ဟူသောအချက်ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်သည် ဖက်ဒရယ်၊ ဒီမိုကရက်တစ် အဖြေရှာရေးအတွက် ခိုင်မာစွာထောက်ခံကြောင်းပြောကြားထားပြီးဖြစ်သည့်ပြင် သူ့တွင် ၎င်းအတွက် ပေးအပ်နိုင်သည့် နိုင်ငံရေးအရ အခွင့်အာဏာရှိနေပါသည်။ ထို့ကြောင့် ယခုအချိန်သည် အကြိုညှိနှိုင်းတိုင်ပင်နေမှုများအပေါ် ဆက်လက်အာရုံပြုနေမည့်အစား ဖက်ဒရယ်၊ ဒီမိုကရက်တစ်အဖြေကို သဘောတူညီမှုရရေးအတွက်ပုံစံအား ရုပ်လုံးပေါ်စေမည့်အချက်များကို စတင်ဆွေးနွေးရန် အချိန်ဖြစ်ပါသည်။

**ရန်ကုန်/ဘရပ်ဆဲ၊ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်**

## နောက်ဆက်တွဲ က - မြန်မာနိုင်ငံမြေပုံ




International Crisis Group/KO/Dec 2015. Based on UN map no. 4168 Rev. 3 (June 2012).

# နောက်ဆက်တွဲ ခ - အဓိကတိုင်းရင်းသားလက်နက်ကိုင်အုပ်စုများနှင့် ၎င်းတို့၏ အပစ်အခတ်ရပ်စဲရေးအနေအထား

| | *အုပ်စု* | *နှစ်ဦးနှစ်ဖက် အပစ်အခတ်ရပ်စဲရေး* | NCA- *ထိုး/ မထိုး* |
|---|---|---|---|
| ၁ | 'ဝ' ပြည်သွေးစည်းညီညွတ်ရေးအဖွဲ့ (UWSP) | 6 Sept 2011 | မထိုး |
| 2 | အမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ် (NDAA၊ "မိုင်းလားအုပ်စု") | 7 Sept 2011 | **မထိုး** |
| 3 | ဒီမိုကရေစီကရင်အကျိုးပြု တပ်မတော် (DKBA) | 3 Nov 2011 | ထိုး |
| 4 | ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော်-တောင် (RCSS/SSA-South) | 2 Dec 2011 | ထိုး |
| 5 | ချင်းအမျိုးသားတပ်ဦး (CNF) | 6 Jan 2012 | ထိုး |
| 6 | ကရင်အမျိုးသား အစည်းအရုံး (KNU) | 12 Jan 2012 | ထိုး |
| 7 | ရှမ်းပြည်တိုးတက်ရေးအဖွဲ့/ရှမ်းပြည်တပ်မတော်-တောင် (SSPP/SSA-North) | 28 Jan 2012 | မထိုး |
| 8 | မွန်ပြည်သစ် ပါတီ (NMSP) | 1 Feb 2012 | **မထိုး** |
| 9 | ကရင်အမျိုးသားလွတ်မြောက်ရေးတပ် ငြိမ်းချမ်းရေးကောင်စီ | 7 Feb 2012 | ထိုး |
| 10 | ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) | 7 Mar 2012 | မထိုး |
| 11 | ရခိုင်လွတ်မြောက်ရေးအဖွဲ့ (ALP) | 5 Apr 2012 | ထိုး |
| 12 | နာဂမြေ အမျိုးသားဆိုရှယ်လစ်ကောင်စီ-ကပ်ပလန် | 9 Apr 2012 | မထိုး |
| 13 | ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအစည်းအရုံး (PNLO) | 25 Aug 2012 | ထိုး |
| 14 | မြန်မာပြည်လုံးဆိုင်ရာ ကျောင်းသားများတပ်ဦး (ABSDF) | 5 Aug 2013 | ထိုး |
| 15 | ကချင်လွတ်မြောက်ရေး အဖွဲ့ (KIO) | (30 May 2012)* | မထိုး |
| 16 | တအောင်း အမျိုးသားလွတ်မြောက်ရေးတပ် (TNLA) | မထိုး | မထိုး |
| 17 | မြန်မာအမျိုးသားဒီမိုကရေစီ မဟာမိတ်တပ် (MNDAA၊ "ကိုးကန့်အုပ်စု") | မထိုး† | မထိုး |
| 18 | ရခိုင်တပ်ဖွဲ့ (AA) | မထိုး | မထိုး |

* သဘောတူညီချက်ကို ၂၀၁၂ မေလ ၃၀ ရက်နေ့တွင် လက်မှတ်ရေးထိုးသည်။ ၎င်းသည် ပုံစံတကျရှိသော အပစ်ရပ်မဟုတ်ပေ။ သို့သော်လည်း "တိုက်ခိုက်မှုများလျော့ချရန်နှင့် ရပ်ဆိုင်းရန်" ကတိကဝတ်များတော့ပါသည်။

† MNDAA နှင့် ၁၉၈၉ ခုနစ်က ရေးထိုးထားသော အပစ်ရပ်ထားမှုမှာ ၂၀၀၉ ခုနစ်က တပ်မတော်က ဝင်ရောက်တိုက်ခိုက်ခြင်းကြောင့် ပြီးဆုံးသွားခဲ့သည်။ ၎င်း၏ အဖွဲ့တစ်ခုမှာ အရေးနိမ့်သွားကာ (၎င်း၏ ခေါင်းဆောင်မှာ တရုတ်သို့ ထွက်ပြေးခဲ့သည်) ။ အခြားတစ်ဖွဲ့မှာ နယ်ခြားစောင့်တပ်ဖြစ်လာ၍ တပ်မတော်၏ ထိန်းချုပ်မှု တစိတ်တပိုင်းရောက်ရှိသွားသည်။ အရေးနိမ့်ခဲ့သော အဖွဲ့မှာ အခြားအုပ်စုများ၏ အကူအညီဖြင့် ပြန်လည်ထကြွလာသည်။

ညီညွတ်သော တိုင်းရင်းသားများဖက်ဒရယ်ကောင်စီ (UNFC) သည် လက်နက်ကိုင်အဖွဲ့များ၏ ပင်မအဖွဲ့ဖြစ်ကာ ၎င်း၏ အဖွဲ့ဝင် ၇ ဖွဲ့မှာ NCA ကို လက်မှတ်ရေးထိုးခြင်းမရှိပေ။ ၎င်းတို့မှာ SSPP/SSA-North, NMSP, KNPP, KIO, လားဟူဒီမိုကရက်တစ်အစည်းအရုံး၊ ရခိုင်အမျိုးသားကောင်စီ၊ ဝ အမျိုးသားအဖွဲ့အစည်း တို့ဖြစ်သည်။ နောက်ဆုံး သုံးဖွဲ့မှာ အရေးပါသော လက်နက်ကိုင်တပ်မရှိသောကြောင့် အပစ်အခတ်ရပ်စဲရေးတွင် တိုက်ရိုက်ပါဝင်ခြင်း မရှိပေ။

## နောက်ဆက်တွဲ ဂ - အတိုကောက်စာရင်း

| | |
|---|---|
| AA | ရခိုင်တပ်ဖွဲ့ |
| ABSDF | မြန်မာပြည်လုံးဆိုင်ရာ ကျောင်းသားများတပ်ဦး |
| ALP | ရခိုင်လွတ်မြောက်ရေးအဖွဲ့ |
| CNF | ချင်းအမျိုးသားတပ်ဦး |
| DKBA | ဒီမိုကရေစီကရင်အကျိုးပြု တပ်<br>ဒီမိုကရေစီ ကရင်ဗုဒ္ဓဘာသာတပ် |
| JMC | ပူးတွဲစောင့်ကြည့်ရေးကော်မတီ |
| KIO | ကချင်လွတ်မြောက်ရေး အဖွဲ့ |
| KNPP | ကရင်နီအမျိုးသားတိုးတက်ရေးပါတီ |
| KNU | ကရင်အမျိုးသား အစည်းအရုံး |
| MNDAA | မြန်မာအမျိုးသားဒီမိုကရေစီ မဟာမိတ်တပ် (ကိုးကန့်) |
| NCA | တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု သဘောတူစာချုပ် |
| NDAA | အမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ် ("မိုင်းလားအုပ်စု") |
| NMSP | မွန်ပြည်သစ် ပါတီ |
| NRPC | အမျိုးသားပြန်လည်ပေါင်းစည်းရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန |
| NSCN-Khaplang | နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ - ကပ်ပလန် |
| PNLO | ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအစည်းအရုံး |
| RCSS | ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ |
| SSA-North | ရှမ်းပြည်တပ်မတော် (မြောက်) |
| SSA-South | ရှမ်းပြည်တပ်မတော် (တောင်) |
| SSPP | ရှမ်းပြည်တိုးတက်ရေးပါတီ |
| TNLA | တအာင်း အမျိုးသားလွတ်မြောက်ရေးတပ် |
| UNFC | ညီညွတ်သော တိုင်းရင်းသားများဖက်ဒရယ်ကောင်စီ |
| UPDJC | ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးပွဲကျင်းပရေးပူးတွဲကော်မတီ |
| UWSP | 'ဝ' ပြည်သွေးစည်းညီညွတ်ရေးပါတီ |

## Appendix D: Reports and Briefings on Asia since 2013

*As of 1 October 2013, Central Asia publications are listed under the Europe and Central Asia program.*

### Special Reports

*Exploiting Disorder: al-Qaeda and the Islamic State*, Special Report, 14 March 2016 (also available in Arabic).

*Seizing the Moment: From Early Warning to Early Action*, Special Report N°2, 22 June 2016.

### North East Asia

*China's Central Asia Problem*, Asia Report N°244, 27 February 2013 (also available in Chinese).

*Dangerous Waters: China-Japan Relations on the Rocks,* Asia Report N°245, 8 April 2013 (also available in Chinese).

*Fire on the City Gate: Why China Keeps North Korea Close*, Asia Report N°254, 9 December 2013 (also available in Chinese).

*Old Scores and New Grudges: Evolving Sino-Japanese Tensions*, Asia Report N°258, 24 July 2014 (also available in Chinese).

*Risks of Intelligence Pathologies in South Korea*, Asia Report N°259, 5 August 2014.

*Stirring up the South China Sea (III): A Fleeting Opportunity for Calm*, Asia Report N°267, 7 May 2015 (also available in Chinese).

*North Korea: Beyond the Six-Party Talks,* Asia Report N°269, 16 June 2015.

*Stirring up the South China Sea (IV): Oil in Troubled Waters*, Asia Report N°275, 26 January 2016 (also available in Chinese).

*East China Sea: Preventing Clashes from Becoming Crises*, Asia Report N°280, 30 June 2016.

### South Asia

*Pakistan: Countering Militancy in PATA*, Asia Report N°242, 15 January 2013.

*Sri Lanka's Authoritarian Turn: The Need for International Action*, Asia Report N°243, 20 February 2013.

*Drones: Myths and Reality in Pakistan*, Asia Report N°247, 21 May 2013.

*Afghanistan's Parties in Transition*, Asia Briefing N°141, 26 June 2013.

*Parliament's Role in Pakistan's Democratic Transition,* Asia Report N°249, 18 September 2013.

*Women and Conflict in Afghanistan*, Asia Report N°252, 14 October 2013.

*Sri Lanka's Potemkin Peace: Democracy under Fire*, Asia Report N°253, 13 November 2013.

*Policing Urban Violence in Pakistan*, Asia Report N°255, 23 January 2014.

*Afghanistan's Insurgency after the Transition*, Asia Report N°256, 12 May 2014.

*Education Reform in Pakistan*, Asia Report N°257, 23 June 2014.

*Afghanistan's Political Transition*, Asia Report N°260, 16 October 2014.

*Resetting Pakistan's Relations with Afghanistan*, Asia Report N°262, 28 October 2014.

*Sri Lanka's Presidential Election: Risks and Opportunities*, Asia Briefing N°145, 9 December 2014.

*Mapping Bangladesh's Political Crisis*, Asia Report N°264, 9 February 2015.

*Women, Violence and Conflict in Pakistan,* Asia Report, N°265, 8 April 2015.

*The Future of the Afghan Local Police*, Asia Report N°268, 4 June 2015.

*Revisiting Counter-terrorism Strategies in Pakistan: Opportunities and Pitfalls*, Asia Report N°271, 22 July 2015.

*Sri Lanka Between Elections*, Asia Report N°272, 12 August 2015.

*Winning the War on Polio in Pakistan*, Asia Report N°273, 23 October 2015.

*Nepal's Divisive New Constitution: An Existential Crisis*, Asia Report N°276, 4 April 2016.

*Political Conflict, Extremism and Criminal Justice in Bangladesh*, Asia Report N°277, 11 April 2016.

*Sri Lanka: Jumpstarting the Reform Process*, Asia Report N°278, 18 May 2016.

*Pakistan's Jihadist Heartland: Southern Punjab*, Asia Report N°279, 30 May 2016.

### South East Asia

*Indonesia: Tensions Over Aceh's Flag,* Asia Briefing N°139, 7 May 2013.

*Timor-Leste: Stability At What Cost?,* Asia Report N°246, 8 May 2013.

*A Tentative Peace in Myanmar's Kachin Conflict,* Asia Briefing N°140, 12 June 2013 (also available in Burmese and Chinese).

*The Philippines: Dismantling Rebel Groups*, Asia Report N°248, 19 June 2013.

*The Dark Side of Transition: Violence Against Muslims in Myanmar*, Asia Report N°251, 1 October 2013 (also available in Burmese and Chinese).

*Not a Rubber Stamp: Myanmar's Legislature in a Time of Transition*, Asia Briefing N°142, 13 December 2013 (also available in Burmese and Chinese).

*Myanmar's Military: Back to the Barracks?*, Asia Briefing N°143, 22 April 2014 (also available in Burmese).

*Counting the Costs: Myanmar's Problematic Census,* Asia Briefing N°144, 15 May 2014 (also available in Burmese).

*Myanmar: The Politics of Rakhine State*, Asia Report N°261, 22 October 2014 (also available in Burmese).

*A Coup Ordained? Thailand's Prospects for Stability*, Asia Report N°263, 3 December 2014.

*Myanmar's Electoral Landscape, Asia Report N°266, 28 April 2015* (also available in Burmese).

*Southern Thailand: Dialogue in Doubt*, Asia Report N°270, 8 July 2015.

*Myanmar's Peace Process: A Nationwide Ceasefire Remains Elusive*, Asia Briefing N°146, 16 September 2015 (also available in Burmese).

*The Myanmar Elections: Results and Implications*, Asia Briefing N°147, 9 December 2015 (also available in Burmese).

*Thailand's Lengthening Roadmap to Elections*, Asia Report N°274, 10 December 2015.

*The Philippines: Renewing Prospects for Peace in Mindanao*, Asia Report N°281, 6 July 2016.

*Myanmar's New Government: Finding Its Feet?*, Asia Report N°282, 29 July 2016 (also available in Burmese).

*Southern Thailand's Peace Dialogue: No Traction*, Asia Briefing N°148, 21 September 2016.

International Crisis Group
**Headquarters**
Avenue Louise 149, 1050 Brussels, Belgium
Tel: +32 2 502 90 38. Fax: +32 2 502 50 38
brussels@crisisgroup.org

**New York Office**
newyork@crisisgroup.org

**Washington Office**
washington@crisisgroup.org

**London Office**
london@crisisgroup.org

**Regional Offices and Field Representation**
Crisis Group also operates out of over 25 locations in Africa,
Asia, Europe, the Middle East and Latin America.

**See www.crisisgroup.org for details**

*PREVENTING WAR. SHAPING PEACE.*